
ရွှေပဒေသာစာပေ
အောက်တိုဘာအောင်ကြီး
ဝဋ္ဋကြွေး
နှင့်
အခြားပုံပြင်များ
ရွှေပဒေသာစာစဉ်အမှတ်(၂၇)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ကိုယ်ချင်းစာတရား | ၁ |
| ၂။ | နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား | ၁၉ |
| ၃။ | ဝိနည်း | ၃၃ |
| ၄။ | အကျင့်သီလ | ၄၉ |
| ၅။ | ဗုဒ္ဓယာတြာ | ၅၃ |
| ၆။ | နတ်ကောင်းမ | ၆၃ |
| ၇။ | မွေးနေ့အလှူ | ၇၁ |
| ၈။ | တရားမြတ် | ၈၇ |
| ၉။ | ချိန်ခွင် | ၁၀၀ |
| ၁၀။ | ဝဋ်ကြွေး | ၁၁၅ |


ကိုယ်ချင်းစာ
တရား

# ကိုယ်ချင်းစာတရား

တစ်ခါတုန်းက ...

ရွာတစ်ရွာမှာ ဦးလှဝေ၊ ဒေါ်မြမေဆိုသည့် လင်မယား နှစ်ယောက် ရှိကြလေ၏။

ထိုလင်မယားမှာ လယ်ယာလုပ်ငန်းနှင့် အသက်မွေး ဝမ်းကြောင်း ပြုကြလေ၏။

ဦးလှဝေ၊ ဒေါ်မြမေတို့မှာ လွန်စွာမှ ချစ်စရာကောင်း သည့် လှမေဆိုသည့် တစ်ဦးတည်းသော ရှမငြီးသည့် ချစ်သမီး လေးလည်း ရှိလေ၏။

ထို တစ်ဦးတည်းသောသမီးလေး လှမေကို မိဘနှစ်ပါး

က လွန်စွာမှ ချစ်ကြလေ၏။

ဦးလှဝေ၊ ဒေါ်မြမေတို့မှာ ရွှေနီအမည်ရှိ နွားမကြီးတစ်ကောင်လည်း ရှိပြီး နွားမကြီးရွှေနီတွင် ( ) အရွယ် နွားထီးလေးတစ်ကောင်လည်း ရှိ၏။

တစ်နေ့သ၌ ဒေါ်မြမေက ခင်ပွန်းဖြစ်သူ ဦးလှဝေအား

"ကိုလှရေ ... ကျုပ်တို့သမီးလေး (၂) နှစ်ပြည့်မှာ မွေးနေ့လုပ်ရင် ကောင်းမယ်"

ဟုဆိုကာ တိုင်ပင်လေ၏။

"အေး ... ကောင်းတယ်၊ တို့သမီးလေး (၂) နှစ်ပြည့်မှာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်မယ်"

ဟု သဘောတူကြပြီး သမီးလေး၏ (၂) နှစ်ပြည့်မွေးနေ့မှာ ဝက်သားဟင်းနှင့်ထမင်းရည်ချောင်းစီး ကျွေးမည်ဟုဆို၏။

ထို့နောက် ဦးလှဝေနှင့်ဒေါ်မြမေတို့သည် သူတို့၏သမီးလေးမွေးနေ့ကို သူတို့ပြောသည့်အတိုင်း လုပ်ကြရာ သမီးလေး၏မွေးနေ့ပွဲမှာ ရွာလုံးကျွတ် မီးခိုတိတ်လာကြ၏။

သူတို့၏ရွာတွင်မက တခြားရွာကပါ လူည်းတွေနှင့် လာ

ကြတာ ညေ့ပရိသတ်များလို့ ချက်ထားတဲ့ ဝက်သားဟင်း မလောက်သည့်အတွက် ဦးလှဝေ၊ ဒေါ်မြမေတို့က နောက်ဆုံး သူတို့မွေးထားသည့် ရွှေနီဆိုသည့် နွားမကြီး၏သား နွားထီးလေး ကို လှမေ၏ (၂) နှစ်ပြည့်မွေးနေ့အလှူဟင်းအဖြစ် အသုံးပြုလိုက် လေတော့၏။

ဦးလှဝေ၊ ဒေါ်မြမေတို့၏သမီးလေး (၂) နှစ်ပြည့်မွေးနေ့ ပွဲ အောင်မြင်ပြီးမြောက်၍ သူတို့ လွန်စွာမှ ဝမ်းသာပျော်ရွှင်နေ ကြသော်လည်း နွားမကြီးရွှေနီတွင် သူ၏သားလေးပျောက်သွား သဖြင့် လိုက်ရှာရင်း အိမ်ပြန်ဖို့လည်း သူ့ခင်ဗျာ သတိမရတော့ ဘဲ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းထဲဝင်ကာ သားလေးပျောက် သွားလို့ဟုဆိုကာ ရင်ကွဲမတတ် အော်လို့နေလေတော့၏။

ဦးလှဝေ၊ ဒေါ်မြမေတို့ကလည်း နွားမကြီးရွှေနီ ပျောက် လို့ သမီးလေးကို ပုခက်ထဲမှာ သိမ်းထားပြီး နွားမကြီးကို လင် မယားနှစ်ယောက် လိုက်ရှာသည့်အခါ နွားမကြီးရွှေနီကို ဘုန်း ကြီးကျောင်းဝင်းထဲမှာ သွားတွေ့ကြလေ၏။

ထို့နောက် ဦးလှဝေနှင့်ဒေါ်မြမေတို့က ဆရာတော်ကို လျှောက်ထားပြီး နွားမကြီးရွှေနီကို ပြန်ခေါ်လာခဲ့ကြလေတော့၏။

ဦးလှဝေ၊ ဒေါ်မြမေတို့လင်မယား အိမ်သို့ ပြန်ရောက်

ကြသည့်အခါ သမီးလေးလှမေမှာ ပုခက်ထဲမှ အပြင်သို့ထွက်ကျပြီး မြေကြီးနှင့်ခေါင်းနှင့် ရိုက်မိသည့်ဒဏ်ရာဖြင့် သွေးသံရဲရဲ အသက်ထွက်၍ သေပွဲဝင်ရှာနေသော သမီးလေးကို တွေ့ရလေတော့၏။

ထိုအခါ ဦးလှဝေ၊ ဒေါ်မြမေတို့လင်မယားမှာ သမီးလေး၏အဖြစ်ကိုကြည့်ပြီး ငါးတစ်ကောင်ကို ပြာပူပူမှာ တင်ထားသကဲ့သို့ ဖျပ်ဖျပ်လူး အပူမီးတောက်လောင်လေတော့၏။

၎င်းတို့လင်မယား၏သောကအပူမီးကို ငြိမ်းအောင် မည်သူကမှ မကုစားနိုင်ကြချေ။

ထို့နောက် ဦးလှဝေ၊ ဒေါ်မြမေတို့လင်မယားသည် ၎င်းတို့၏ရင်တွင်းမီးတောက်များကို ငြိမ်းလိုသည့်အတွက် ရွာဦးကျောင်းဆရာတော်ထံသို့ သွားကြရလေတော့၏။



"ဆရာတော်ဘုရား . . . တပည့်တော်တို့ရဲ့ချစ်သမီးလေးဟာ ငယ်ပါသေးတယ်၊

သေရမယ့်အရွယ်လည်း မဟုတ်သေးပါဘူး။

တပည့်တော်တို့လင်မယားရင်ထဲမှာ သမီးလေးအတွက် သောကဝေဒနာမီးတွေ တောက်လောင်နေပါတယ်၊ တပည့်တော်၊ တပည့်ရတော်မ,တို့ရဲ့အဖြစ်ကို ကယ်ပါဦး"

ဟုဆိုကာ ဦးလှဝေတို့လင်မယား လျှောက်ထားတောင်းပန်ကြလေ၏။

ထိုအခါ ဆရာတော်က ၎င်းတို့အား . . .

"အိမ်း . . . ဒကာကြီးနဲ့ ဒကာမကြီးတို့လိုပဲ နွားမကြီးရွှေနီဟာလည်း သူ့သားလေးအတွက် ပူဆွေးနေပါတယ်"

ဟု ဆိုကာ မိန့်ကြားတော်မူလိုက်လေတော့သတည်း။

၂၀၁၄၊ ဇန်နဝါရီလ ၂ ရက်

နိဗ္ဗာန် ▲▲

တရားတော်မြတ်ကို

ဂူဟာလှိုဏ်ဝယ်

ရှင်ဘုရား



# နိဗ္ဗာန်...တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား

ဩကာသ . . . ဩကာသ . . . ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံတည်ဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသောအပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မှန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ရွှေပဒေသာစာပေ

ဤသို့ ကန်တော့ရသော အကျိုးအားကြောင့်
အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူ
မျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရာငါးပါး
တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍
မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို
ရပါလို၏ အရှင်ဘုရား။

ဟူသော ဘုရားရှိခိုးတိုင်း အမြဲဆုတောင်းသည့် နိဗ္ဗာန်ဆိုသော အကြောင်းအရင်းကား အောက်ပါပုံဝတ္ထုပင် ဖြစ်လေတော့၏။

*

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဆိုသည်ကား မင်္ဂလာတရားတော်ပင် ဖြစ်လေ၏။

ဟိုးရှေးက ...

မြတ်စွာဘုရားလက်ထက်တော်က 'ပရိဗိုဇ်' ဆိုသည့် ပုဂ္ဂိုလ်တစ်ဦး ရှိလေ၏။

သူသည် ရသေ့ရဟန်းတို့နှင့် အဆင့်နိမ့်ပြီး ဖိုးသူတော်တွေထက် အဆင့်မြင့်သည့် တရားရှာနေသူတစ်ယောက်လည်း ဖြစ်လေ၏။

ထို ပရိဗိုဇ်ဆိုသူသည် သက်န်းကိုမရုံဘဲ အမြဲတမ်း ဖိုသီဖတ်သီနှင့် နေလေ့ရှိ၏။

သူဟာ ရှင်သာရိပုတ္တရာ၏တူတော်ဖြစ်သည့်အလျောက် ရှင်သာရိပုတ္တရာက ...

"ဟဲ့ ပရိဗိုဇ် ... အနေအထိုင် ယဉ်ကျေးလော့"

ဟူ၍ ဆုံးမသော်လည်း လွန်စွာမှ ရိုင်းစိုင်းပြီး စရိုက်ဆန်သည့်အကျင့်က ဖျောက်လို့မရချေ။

*

တစ်နေ့သ၌ ...

"အရှင်ရဟန်းတို့ ... နိဗ္ဗာန်ကို သိကြရဲ့လား"

ဟူ၍ ရဟန်းတစ်ပါးက လျှောက်သည့်အခါ နောက်ထပ် ရဟန်းတစ်ပါးက ...

"နိဗ္ဗာန်ကိုသိအောင် အစဉ်မျက်မှောက် ပြုပါ၏"

ဟု ဆိုကာ လျှောက်ပြန်၏။

"အရှင် နိဗ္ဗာန်ကို ဆုတောင်းနေၵ်"

ဟူ၍ငင်း ...

"နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ နိဗ္ဗာန် ချမ်းသာကို ရတော့မှာပေါ့"

ဟူ၍ငင်း ...

"နိဗ္ဗာန်သာလျှင် အငြိမ်းဆုံး"

ဟူ၍ငင်း ...

"နိဗ္ဗာန်သာလျှင် အမြတ်ဆုံး"

ဟူ၍ငင်း ...

"နိဗ္ဗာန်တရားကို ရပါလို၏ဘုရား"

ဟူ၍ စသည့် နိဗ္ဗာန် ... နိဗ္ဗာန်တွေကြောင့် ပရိဗိုဇ် သည် ...

"ရဟန်းတွေဟာ နေ့ရှိသမျှ နိဗ္ဗာန်ပြီး

နိဗ္ဗာန်နေကြတာ ... ဘာတွေမှန်းလည်း မသိ
ဘူး၊ စဉ်းစားလိုပလည်း အဖြေမထွက်ဘူး၊
စိတ်ရှုပ်လိုက်တာ၊
ငါ ဆွမ်းခံထွက်ဦးမှ''

ဟု ဆိုကာ ပရိဗိုဇ်ကိုယ်တော်သည် ဆွမ်းခံထွက်ခဲ့လေတော့၏။

ပရိဗိုဇ်သည် သူဌေးကြီးတစ်ယောက်၏အိမ်ရှေ့ကမှာ ဆွမ်းခံရပ်လိုက်ပြီး ...

''လူရိပ်လည်း မမြင်ပါလား''

ဟု တွေးတောပြီး မသိမသာ အိမ်အတွင်းသို့ မျက်လုံးကစားလိုက်သည့်အခါ ...

''အလိုလေး ... အမြင်မတော်တာတွေ
တွေ့နေရပြီ''

ဟု ပရိဗိုဇ်စိတ်ထဲ၌ ပြောလိုက်မိလေတော့၏။

ပရိဗိုဇ် တွေ့လိုက်သည့်မြင်ကွင်းကာ သူဌေးကြီးနှင့်အိမ်ဖော်မိန်းကလေးတို့သည် နှစ်ပါးသွားနေကြ၏။

''ဟော ... ဒုက္ခပဲ၊ သူဌေးကြီးနဲ့အိမ်ဖော်
မလေးတို့ ရာဂမီးတောက်လောင်နေတာ မီးမ

မြင် လေမမြင်ဖြစ်နေကြပြီး သူဌေးကြီးကတော်
နောက်က ဝင်လာတာ သူတို့မသိကြဘူး။
ပြဿနာတော့ တက်တော့မှာပဲ''
ဟု ပရိုဗိုဖ် တွေးတောနေစဉ် ...
''ဟင် ... ဒါ ဘာလုပ်နေကြတာလဲ
... တဏှာကောင်ကြီး။ ဟဲ့ ... လင်ခိုးမ၊
မိန်းမယုတ်''
ဟု ဆိုကာ သူဌေးကတော်ကြီး ဒေါသယမ်းအိုး ပေါက်ကွဲထွက်လေတော့၏။
ထိုအခါ ... ပရိုဗိုဖ်သည် ...
''သူတို့ဟာ မောဟမီးခိုးအမိုက်မှောင်ထဲ
ရောက်နေကြပါလား။
အင်း ... ရွာအမှု ဘုန်းကြီးပတ်တော့
မယ်၊ ဒီနေရာက ငါ အမြန်ကြွမှ''
ဟု ဆိုကာ သူဌေးကြီးတို့ အိမ်ဝင်းထဲမှ ထွက်လာခဲ့ရလေတော့၏။

*

ပရီမိုဇ် လမ်းတစ်နေရာကိုရောက်သည့်အခါ ...

"အလို ... ရှေ့က ယိုင်တိုင် ယိုင်တိုင်နဲ့ ဘယ်သူများပါလိမ့်"

ဟု တွေးလိုက်လေ၏။

"ရှေ့က ယောဂီလိုလို၊ ရသေ့လိုလိုနဲ့ ဘယ်သူလဲ၊ ဘာကောင်လဲ၊ ဘယ်သူမှ လူ မထင်ဘူးကွ"

ဟု ဆိုကာ ယိုင်တိုင် ယိုင်တိုင်နဲ့လူက ပြောလိုက်လေ၏။

"ဟင်း ... အမူးသမားတစ်ယောက်ပါ လား၊ သူလည်းပဲ မောဟပင်လယ်ပြင်ထဲမှာ ကမ်းမမြင် လမ်းမမြင် ဖြစ်နေပါရောလား"

ဟု ဆိုကာ ပရီမိုဇ်သည် အရက်သမား၏ဘေးရန်မှ အမြန်ရှောင်ကွင်းခဲ့ရပြန်လေတော့၏။

*

ပရိုဗိုဇ်သည် အရက်သမားရန်မှ ရှောင်ကွင်းရင်း ဈေး အနီးသို့ ရောက်လာခဲ့ရပြန်၏။

ထိုအခါ ...

ဈေးထဲမှ အသံများ ထွက်ပေါ်လာရာ..

"ဟင် ... ဘာသံတွေပါလိမ့်"

ဟု ပရိုဗိုဇ် တွေးနေစဉ် ...

"ဈေးလည်း ကြီးသေး၊ အလေးလည်း
ခိုးသေးရဲ့၊ ဟဲ့ ... အလေးခိုးမ"

ဟု ဆိုကာ ဈေးဝယ်သူ အမျိုးသမီးတစ်ယောက်၏ မကျေနပ်သံများ ထွက်ပေါ်လာခဲ့လေ၏။

"အောင်မယ် ... ငါ့ဆီက အကြွေးတော့
ယူပြီး ပြန်မဆပ်တဲ့ ... ဟဲ့ကောင်မ ...
ကလိန်မ"

ဟု ဈေးသည်က ပြန်ပြောရာ ဈေးဝယ်အမျိုးသမီးက လည်း ...

"နင်တို့ဈေးက သူခိုးဈေး"

ဟု ပြန်ပြောလိုက်လေ၏။

အမျိုးသမီးတွေ တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်နေသည့်အခါ အမျိုးသားတစ်ယောက်က …

"ဟော့ … ငါ့မိန်းမကို မစော်ကားနဲ့"

ဟု ပြောရာ နောက်ထပ် အမျိုးသားတစ်ယောက်က ရောက်လာပြီးလျှင် …

"အောင်မယ် … လူပါးဝလို့ မယားထိ
ခားကြည့်ကွ"

ဟု ဆိုကာ မိန်းမတွေ စကားများရာမှ ယောကျ်ားတွေပါ ခားခွဲ၊ တုတ်ဆွဲ ဖြစ်ကုန်ကြလေတော့၏။

"အလိုဗျာ … ရန်ပွဲပါလား၊ လောဘရဲ့
သားကောင်တွေ၊ ဒုက္ခမှန်းမသိကြတဲ့ ဒေါသမီး
တွေ တောက်နေကြပါလား။
အင်း … ဆွမ်းခံရင်း ငှက်သင့်တော့မယ်၊
ဆွမ်းဆက်မခံတော့ဘဲ ကျောင်းပြန်ကြွမှ"

ဟု ဆိုကာ ပရိုဗိုဖ်သည် ကျောင်းသို့ ပြန်ကြွသွားရလေတော့၏။

*

ပရိုဗိုဇ် ကျောင်းသို့ပြန်ရောက်သည့်နှင့် …

"ယနေ့ နိဗ္ဗာန်ကို မျက်မှောင်ပြုပါ၏လော"

ဟူ၍ငင်း။

"ငါ့အတွက် နိဗ္ဗာန်ချမ်းသာသည်သာလျှင် … အမြတ်ဆုံး"

ဟု ဆိုသည့် အသံများ ကြားရသည့်အခါ …

"အင်း .. ကျောင်းရောက်တာနဲ့ ဒီနိဗ္ဗာန်ကိုပဲ ကြားရပြန်ပြီ၊ ဘာနိဗ္ဗာန်လဲ"

ဟု ဆိုကာ ပရိုဗိုဇ်သည် ၎င်း၏ဦးရီးတော် ရှင်သာရိပုတ္တရာအား သွားလျှောက်လေတော့၏။

"ဟဲ့ ပရိုဗိုဇ် … ဘာဖြစ်လာတာလဲ"

ဟု မိန့်လိုက်လေ၏။

"ရဟန်းတွေက နိဗ္ဗာန် … နိဗ္ဗာန်နဲ့၊ ဘာတွေမှန်းမသိဘူး၊ နိဗ္ဗာန်ဆိုတာ ဘာလဲဘုရား"

ဟု ပရိုဗိုဇ်က သူ့စရိုက်အတိုင်း ခပ်ရိုင်းရိုင်းနှင့် လျှောက်

ထားရာ ရှင်သာရိပုတ္တရာက ...

"တူတော်မောင် ... နိဗ္ဗာန်ဆိုတာ
တခြားမဟုတ်၊ ရာဂကုန်ရာ၊ ဒေါသ၏ကုန်ရာ၊
မောဟ၏ကုန်ရာ၊ ဒုက္ခအပေါင်းမှ ကင်းဝေးရာ
ပင်တည်း"

ဟု ဆိုကာ ပရိဗိုဇ်၏စရိုက်နှင့် ကိုက်ညီအောင် ခပ်တိုတို ပဲ ပြန်လည်ဖြေကြားမိန့်တော်မူလိုက်သည့်အခါ ...

"နိဗ္ဗာန်မျက်မှောက် . . .
အာရုံရောက် . . .
သိမြောက်မင်္ဂလာ"

ဟု ပညာပါရမီ မသေးလှသည့် ပရိဗိုဇ်သည် ချက်ချင်း ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်သူ ဖြစ်သွားလေတော့ သတည်း။

၂၀၁၄၊ ဇန်နဝါရီလ (၅) ရက်



# ဝိနည်း

တစ်ခါက ...

ဖိုးသူတော်တစ်ပါးသည် ကြေးစည်ကလေးကို တဝေဝေနှင့် ပြောင်းခင်းအနားက ဖြတ်လာခဲ့လေ၏။

"ဟာ ... ပြောင်းဖူးတွေ လမ်းကြုံတုန်း ဝင်ချိုးဦးမှ"

ဟု ဆိုကာ အလှူခံဆန်တောင်းကို အသာချပြီး ပြောင်းဖူး ဝင်ချိုးလေတော့၏။

"ဟင် ... ဒီပြောင်းဖူးကလည်း အစေ့ဆိုလို့ တစ်စေ့မှတောင် မရှိပါလား"

ဟု ဆိုကာ မကျေမနပ်ဖြစ်ပြီး ဒနာဂေါ်ထပ်ပြောင်းဖူး တစ်ဖူးကို ထပ်ချိုးလိုက်လေတော့၏။

"ဟင် ... သွားကျိုးနေတဲ့ အဘိုးကြီးလို ပါပဲ"

ဟု ဖိုးသူတော်ဟာ မကျေမနပ်တိုင်း ပြောင်းဖူးတစ်ဖူး ပြီးတစ်ဖူး ချိုးကြည့်လိုက်၏။

"ပြောင်းဖူးစေ့ဟာ တစ်စေ့တလေမှမရှိ"

ဟု ဆိုကာ ဖိုးသူတော် ဒေါသထွက်ပြီး ...

"ကမြင်းမ ပြောင်းဖူးတွေ"

ဟု မကြားဝံ့မနာသာ ဆဲရေးတိုင်းထွာလေတော့၏။

ဆဲပါများတော့ ပြောင်းဖူးပင်က ...

"ဒီလို ... ကျုပ်တို့ကို အရမ်းမဆဲပါနဲ့ ဖိုးသူတော်ကြီးရယ်၊ မြေကြီးမှ မကောင်းတာ ဘဲ ... ကြည့်ပါလား"

ဟု ပြောလိုက်လေ၏။

ထို့နောက် ...

ဖိုးသူတော်ကြီးသည် မြေကြီးကိုကြည့်ပြီးလျှင် ...

"ဟော ... ဟုတ်ပါရဲ့၊ သောက်သုံးမကျ

ဘဲ အက်ချင်တိုင်း အက်ကွဲနေတဲ့ မြေကြီး''

ဟု ဆဲလိုက်ပြန်၏။

''ဟယ် ... ဘယ့်နှယ် ဖိုးသူတော်

အရမ်းဆဲနေပါလား၊ ဒီမယ် ဖိုးသူတော် ...

ကျုပ်တို့မြေကြီးကို အရမ်းမဆဲပါနဲ့ဗျာ၊ မြေကြီး

တွေ အက်ကွဲနေတာဟာ ခြစ်ခြစ်တောက် ပူ

ပြင်းနေတဲ့ နေမင်းကြီးကြောင့်ပါ''

ဟု မြေကြီးက ပြန်ပြောလိုက်လေ၏။

ထိုအခါ ဖိုးသူတော်သည် အပေါ်သို့ မော့ကြည့်လိုက်ပြီးလျှင် နေမင်းကို ...

''အေး ... ဟုတ်တယ်''

ဟု ဆိုကာ နေမင်းကို ဆဲလိုက်ပြန်၏။

''အလိုဗျာ ... ဖိုးသူတော် ကျုပ်ကိုပဲ

ကလော်တုတ်မနေနဲ့ဗျ၊ မိုးကမှမရွာတာ ဘယ်

တတ်နိုင်မလဲ၊ ဆဲချင်ရင် မိုးကို သွားဆဲပါ

လား''

ဟု နေမင်းက ပြောရာ ဖိုးသူတော်လည်း မိုးကို တစ်တစ်ခွခွ ပက်ပက်စက်စက် ဆဲလေတော့၏။

မိုးနတ်မင်းက ကြားသွားပြီးလျှင် ...

"ဟယ် ... မိုက်ရိုင်းတဲ့ ဖိုးသူတော်
သင်ဟာ သူတော်သူမြတ်ဆိုပြီး သူတစ်ပါးရဲ့
ပြောင်းဖူးတွေကို ခိုးယူချိုးပစ်နေတာ မဟုတ်
လော၊

သင်လို ဖိုးသူတော်ကမှ သူတော်သူမြတ်
တို့ရဲ့ဝိနည်းကို မနာယူလျှင် ဘယ်မှာလာပြီး
မိုးလေဝသ မှန်နိုင်မှာလဲ"

ဟုဆိုကာ မိုးနတ်မင်းက ပြောဆိုလိုက်သည့်စကားနှင့် မိုးခြိမ်းသံ မိုးကြိုးပစ်သံတွေပါ ပေါ်ထွက်လာသည့်အခါ ဖိုးသူတော်မှာ လွန်စွာမှ အထိတ်တလန့်ဖြစ်ကာ အလှူခံဆိုင်းထမ်းကိုပါ မယူနိုင်တော့ဘဲ ထွက်ပြေးလေတော့၏။

အထက်က ပုံပြင်သည်ကား ရဟန်းဝိနည်း၊ လူဝိနည်း သိပ်သည်းသင့်စရာဆိုသည့် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာပုံပြင်ပင် ဖြစ်လေဘော့သတည်း။

၂၀၁၂၊ ဇန်နဝါရီလ (၅) ရက်



# အကျင့်သီလ

ရှေးအခါက ...

သူခိုးကြီးတစ်ယောက် ရှိလေ၏။

တစ်ညသ၌ သူခိုးကြီးသည် အစွမ်းအစအမျိုးမျိုးနှင့် နန်းတော်အတွင်းသို့ ဝင်ရောက်ပြီး ဘုရင့်ရတနာတွေကို ခိုးယူဖို့ ကြိုးစားလေတော့၏။

သို့သော် သူခိုးကြီးမှာ လမ်းကြောင်းမှားပြီး အခန်းတစ်ခန်းထဲကို ဝင်ရောက်သွားလေတော့၏။

သူခိုးကြီး ဝင်ရောက်သွားသည့်အခန်းက ဘုရင့်သမီးတော်၏အခန်းဖြစ်လို့နေလေ၏။

ဘုရင့်သမီးတော်သည် သလွန်ပေါ်၌ လွန်စွာမှ နှစ်ခြိုက်စွာနှင့် အိပ်ပျော်နေသည်ကို သူခိုးကြီးက မြင်သွားကာ ...

"အလို ... အားပါးပါး မင်းသမီးလေး
အိပ်ပျော်နေလိုက်တာ ... ချစ်စရာလေး။
ဒီလိုလှပတဲ့ မင်းသမီးလေးနဲ့သာ ငါရလို့
ကတော့ ငါ ရှင်ဘုရင်ဖြစ်ရော၊ ဟီးဟိ ...
အင်း ... မင်းသမီးလေးရဲ့အလှကို သေသေ
ချာချာ ကြည့်ဦးမယ်"

ဟုဆိုကာ အနားသို့ကပ်သွားရာ ... ထိုအခါ မင်းသမီးလေးမှာ ဘယ်ညာလူးလိုက်သည့်အခါ သူခိုးကြီးလည်း လန့်သွားလေတော့၏။

"ဟိုက် ... မဖြစ်သေးပါဘူး။ မင်းသမီး
လေးသာ နိုးသွားရင် ငါ့ခိုးရမယ့် အစီအစဉ်
တွေ ပျက်ကုန်တော့မှာပဲ"

ဟု ဆိုကာ သူခိုးကြီးသည် တစ်ဖက်အခန်းကို ကူးသွားလေ၏။

သူခိုးကြီးတစ်ယောက် အခန်းကိုရောက်သည့်အခါ စကားပြောသံတွေ ကြားလိုက်ရပြန်၏။


သူခိုးကြီးမှ အထိတ်တလန့်ဖြစ်ကာ ...

"ဟိုက် ... ဘယ်သူတွေပါလိမ့်"

ဟု ဆိုကာ သူခိုးကြီးမှာ ရှေ့ဆက်မသွားတော့ဘဲ နန်းတော်တိုင်လုံးကို အကာအကွယ်ပြုရင်း အသံကို ဆက်နားထောင်လိုက်သည့်အခါ ...

"အလို ဘုရင်ကြီးနဲ့မိဖုရားကြီးတို့ တိုးတိုးတိတ်တိတ် ပြောနေကြတဲ့ စကားသံတွေပဲ"

ဟု ဆိုကာ ဆက်လက်နားထောင်လိုက်လေတော့၏။



"ငါတို့မှာ သမီးတော်တစ်ပါးတည်းပဲ ရှိတာ၊ နန်းညွန့် နန်းလျှာ လိုနေပြီ၊ မိဖုရားကြီးရေ"

ဟု ရှင်ဘုရင်ကြီးက ပြောရာ မိဖုရားကြီးက ...

"အိုတော် ... သမီးကို ယောက်ျားပေး စားလိုက်ပေါ့"

ဟု ပြောလိုက်လေ၏။

"တစ်နန်းတော်လုံးမှာ တို့သမီးနဲ့ တူတာ တန်တာမရှိလို့ ခက်နေတာပေါ့"

ဟု ရှင်ဘုရင်ကြီးက ပြောရာ ...

"ဒါဆိုလည်း တခြားတိုင်းပြည်က မင်း သားတစ်ပါးပါးနဲ့ ပေးစားမယ်ဆိုရင်ရော"

ဟု မိဖုရားကြီးက မေးလိုက်ပြန်၏။

"အိုကွာ ... ငါ့သမီးတော်ကို သီလ တရားရှေ့ထားပြီး ပညာရှိတဲ့ ပုဂ္ဂိုလ်တစ် ယောက်နဲ့မှ ပေးစားချင်တာကွ"

ဟု ဘုရင်ကြီးက ပြောလိုက်သည့်အခါ မိဖုရားကြီးက

"ရှင့်ဟာက ခက်ခက်ခဲခဲ ရှားလှပါ တယ်"

ဟု ပြောလိုက်လေ၏။

"မခက်ပါဘူး မိဖုရားကြီးရယ်၊ ဟို ...

မြစ်ကမ်းအနီး တောစပ်မှာ တရားကျင့်ကြံနေ
ကြတဲ့ သူတော်စင်ရသေ့တစ်ပါးပါးကို လှူ
ထွက်ခိုင်းပြီး သမီးတော်နဲ့ ပေးစားလိုက်မယ်၊
မနက်ဖြန် ဝန်ကြီးတွေကို အဲဒီမြစ်ကမ်းအနီး
တောစပ်မှာ သွားစုံစမ်းခိုင်းလိုက်မယ်၊
မကောင်းဘူးလား"

ဟု ဘုရင်ကြီး ပြောလိုက်သည့်စကားများကို ချောင်းနားထောင်နေသည့် သူခိုးကြီးမှာ သဲသဲကွဲကွဲ ပြတ်ပြတ်သားသား ကြားလိုက်ရလေတော့၏။

ထို့နောက် သူခိုးကြီးမှာ ...

"အင်း ...ငါ အခုလို ခိုးဝှက်နေတာ
အန္တရာယ်တွေ များလှတယ်၊
ဒီတော့ ငါ ... ဘုရင်ဖြစ်အောင် မင်း
သမီးလေးကို ရအောင်ယူရမယ်"

ဟု ဆိုကာ ခိုးမည့်အစီအစဉ်ကိုဖျက်ကာ နန်းတော်ထဲမှ သူခိုးကြီး ပျော်ရွှင်စွာနှင့်ပင် ထွက်လာခဲ့ရလေတော့သတည်း။

*

လွန်စွာမှ အရိပ်ကောင်းပြီး လွန်စွာမှလည်း တိတ်ဆိတ်လှသည့် မြစ်ကမ်းအနီး တောစပ်တွင် သူတော်စင်၊ သူတော်ကောင်းတို့ တရားအားထုတ်နေကြသည့် တောစပ်သို့ ယနေ့ထူးထူးခြားခြား ရသေ့အသစ်တစ်ပါးရောက်လာပြီး တရားအားထုတ်၍နေလေတော့၏။

ထိုရသေ့သည် တခြားသူမဟုတ် သူခိုးကြီးပင် ဖြစ်လေတော့၏။

ထိုသူခိုးကြီးကား အကြံအစည်တစ်ခုနှင့် တရားလာရောက်အားထုတ်ချင်ဟန်ဆောင်နေခြင်းမှာ ပြောဖို့မလိုတော့ချေ။

မကြာခင်မှာ နန်းတော်က ဝန်ကြီးတွေသည် သူတော်စင် သူတော်ကောင်းတို့ တရားအားထုတ်နေသည့် တောစပ်သို့ ရောက်လာကြပြီးလျှင် ...

"အရှင်ရသေ့ ... ဘုရင်ကြီး၏ဆန္ဒရှိ
တော်မူတဲ့အတိုင်း သမီးတော်ကို လက်ခံသိမ်း
ပိုက်တော်မူပါ"

ဟု ဆိုကာ ဝန်ကြီးတစ်ပါးက ရသေ့တစ်ပါးအား လျှောက်ထားလေတော့၏။

"အို ဒကာတို့ ... ဤစကားသည်ကား

ငါတို့သူတော်စင်တို့နဲ့ မအပ်စပ်ပါတကား"

ဟု ပြန့်မိန့်လိုက်ရာ ဝန်ကြီးတို့လည်း နောက်ထပ်ရသေ့တစ်ပါးထံသို့ လျှောက်ရာတွင် ...

"ဒကာတို့ အဘယ့်သူတော်စင်ရသေ့
ရဟန်းတို့ကမှ သင်တို့၏စကားကို လက်ခံမည်
မဟုတ်၊ သင်တို့လာရာလမ်းကို ပြန်ကြတော့"

ဟု ရသေ့တွေက မိန့်တော်လည်း ဝန်ကြီးတွေက လက်မလျှော့ကြဘဲ တရားအားထုတ်နေကြသည့် ရသေ့များအားတစ်ပါးချင်း ဆန္ဒတောင်းခံလျှောက်ထားရင်း နောက်ဆုံး ရသေ့ဟန်ဆောင်နေသည့် သူခိုးကြီးထံသို့ ဝန်ကြီးများ ရောက်သွားသည့်အခါ ...

"ဘုရင်ကြီးရဲ့ နန်းညွန့် နန်းလျာအတွက်
သမီးတော်ကို လက်ခံတော်မူပါ"

ဟု ဝန်ကြီးတွေက ရသေ့ဟန်ဆောင်သည့် သူခိုးကြီးအား လျှောက်ထားကြရာ သူခိုးကြီးမှာ တစ်စုံတစ်ရာ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလေ၏။

သူခိုးကြီး၏စိတ်ထဲမှာဖြင့် လွန်စွာမှ ဝမ်းသာလို့နေလေတော့၏။

"ဗျို့ ဝန်မင်း ... ဘာမှလည်း ပြန်မ
ပြောပါလား"

ဟု ဆိုကာ ဝန်စိမ်းက ပြောလိုက်ရာ ဝန်နီက ...

"အိုဗျာ ... ရသေ့ဆိုတာ အပြောရခက်
လို့ ဆိတ်ဆိတ်နေတာပဲ၊

ဒါ ... လက်ခံတဲ့သဘောပဲဗျ"

ဟု ပြောလိုက်လေတော့၏။

ထို့နောက် ဝန်ကြီးတို့လည်း လွှန်စွာမှ ဝမ်းမြောက်ဝမ်းသာစွာနှင့် ရွှေနန်းတော်ကြီးတို့ ပြန်လာခဲ့ကြလေတော့၏။

*

ဝန်ကြီးများ ရွှေနန်းတော်သို့ရောက်သည့်အခါ ရှင်ဘုရင်အား ဝန်ကြီးများက ...

"သင့်တော်သော ရသေ့တစ်ပါးအား
တွေ့ခဲ့ရကြောင်းပါ ဘုရား"

ဟု လျှောက်ထားကြကုန်လေ၏။

"အိမ်း ... ဒါဖြင့် မနက်ဖြန် ဆင်ဖြူ

တော်နှင့် ငါ့ ရသေ့သားမက်တော်ကို အမြန်
ပင့်ဆောင်ကြစို့ ဝန်မင်းများ''
ဟု မိန့်တော်မူလိုက်လေတော့၏။

*

ထိုအချိန်တွင် ...

သူခိုးကြီးရသေ့သည် တရားထိုင်နေရင်း မင်းသမီးလေးနှင့် ဥယျာဉ်တော်ထဲတွင် ပြေးလွှားဆော့ကစားနေပုံကို စိတ်ကူးယဉ်လို့နေလေ၏။

သူခိုးကြီးရသေ့သည် စိတ်ကူးယဉ်အိပ်မက်မှ နိုးလာသည့်အခါ ...

''အလို ... ရှင်ဘုရင်မင်းကြီးကိုယ်တိုင်
ခမ်းခမ်းနားနား ကြွလာပြီး ငါ့ကို လာခေါ်တာ
ပါလား ... ဘုရား ... ဘုရား''

ဟု ဆိုကာ တစ်ခဏအတွင်း သူခိုးကြီးသည် အသိ၊ သတိတရားများ ဝင်ရောက်လာခဲ့လေတော့၏။

''ဟယ် ... ငါ့လို အတုအယောင်ကို

တောင် မင်းကြီးကိုယ်တိုင် ဒီလောက်လေးစား နေရင် ငါသာ တကယ်သူတော်စင်ရသေ့အစစ် ဖြစ်ပါက တစ်တိုင်းပြည်လုံး ငါ့အား အဘယ်မျှ ကြည်ညိုမည်နည်း''

အတု···အတု

အစစ်···အစစ်···

ဟူး···

ငါကား ငါ့စိတ်ကို လှည့်စားရုံမက အား လုံးကို လိမ်ညာမိလေပြီ၊

အခု ငါသည်ကား မင်းသမီးလေးနဲ့လည်း မတန်၊ တိုင်းပြည်နဲ့လည်း မထိုက်၊ တကယ် တော့ ... ငါ ... ငါ ... ငါ ... ဟာ ယုတ် မာပေစွ ရှက်ဖို့ကောင်းလိုက်တာ''

ဟု သူခိုးကြီးတွေးတောနေစဉ် ဘုရင်ကြီးနှင့် ရောက် လာကြလေတော့၏။

ထိုအခါ ... ဘုရင်ကြီးက ...

''အို ... အရှင်ရသေ့ သမီးတော်အား

ကျွန်ုပ် ဆောင်နှင်းခဲ့ပါပြီ၊ လက်ခံတော်မူပါ"
ဟု ဘုရင်ကြီးက မိန့်တော်မူလေတော့၏။

"အသင်မင်းတရားကြီး ... ကျွန်ုပ်သည်
ကား တစ်ခဏအတွင်း ချက်ချင်းအသိ၊ သတိ
တရား ရလေပြီ၊

အခု ၊... သင်၏ဆန္ဒကို တကယ်ပင်
ငြင်းဆန်ရလေတော့မည်၊

တကယ်တော့ ကျွန်ုပ်သည်ကား ရသေ့
သူတော်စင်မဟုတ်ပါ၊ သူခိုးတစ်ယောက်သာ
လျှင် အမှန်စင်စစ် ဖြစ်၏။

နန်းတွင်းသို့ ဝင်ရောက်ခိုးစဉ် မင်းကြီးနဲ့မိ
ဖုရားကြီးတို့၏စကားကို ကြားရပြီး သမီးတော်
ကို လိုချင်ဇောနှင့် အခုကဲ့သို့ ဟန်ဆောင်
ရသေ့အတု ပြုမိရခြင်းပါ၊

ကျွန်ုပ်သည်ကား မနေ့က အတုဖြစ်သော်
လည်း ဒီကနေ့အဖို့ အစစ်ဖြစ်လေပြီတကား၊
တရားနဲ့သာ ပျော်မွေ့လျော်ပါတော့မည်"
ဟု ဆိုကာ သူခိုးကြီးဘဝကနေ သူတော်စင်ရသေ့

ဖြစ်သွားပြီဖြစ်၍ ဆိုလေတော့၏။

ထိုအခါ ဘုရင်ကြီးမှာ လွန်စွာမှအံ့ဩသွားပြီးလျှင် ဘုရင်ကြီးကိုယ်တိုင်ပင် တရားသဘောကို သဘောပေါက်သွားသည်နှင့် ...

"သာဓု ...

သာဓု ...

သာဓု ..."

ဟု ခေါ်လိုက်လေတော့၏။

ထိုသို့ သာဓုသုံးကြိမ် အနုမောဒနာပြုပြီးသည့်နောက် ဘုရင်ကြီးနှင့်သမီးတော်တို့သည် နန်းတော်သို့ ပြန်ကြွသွားကြလေတော့၏။

သူခိုးကြီးလည်း ထိုနေ့မှစ၍ အတုမှအစစ်သို့ ကူးပြောင်းကာ သူတော်စင်ရသေ့မြတ်ဘဝနှင့် တရားနှင့်သာ မွေ့လျော်သွားလေတော့၏။

"အကျင့်သီလ မြတ်ဓမ္မ ကျင့်ကြအပ်

သည်သာ"

ဟု ၃၈ ဖြာ မင်္ဂလာတရားပုံပြင် ဖြစ်လေတော့သတည်း။။

၂၀၁၄၊ ဇန်နဝါရီလ (၇) ရက်





# ဗုဒ္ဓယတြာ

တစ်ခါက ...

ကျေးတောသား မောင်သိန်းလွင်ဆိုသော လူငယ်တစ်ယောက် ရှိလေ၏။

ထိုလူငယ်သည် အလုပ်အကိုင်အဆင်ပြေရန်အတွက် ပုဏ္ဏားဗေဒင်ဆရာတစ်ယောက်ထံ ဗေဒင်သွားမေးလေ၏။

မောင်သိန်းလွင် ပုဏ္ဏားဗေဒင်ဆရာထံရောက်သည့်အခါ

"ဆရာကြီး ... ကျွန်တော့်ကို ဗေဒင်တွက်ပေးပါခင်ဗျာ"

ဟု ပြောလိုက်လေ၏။

ပုဏ္ဏားပေဒင်ဆရာကြီးကလည်း မောင်သိန်းလွင်၏မွေး နေ့သက္ကရာဇ်တွေကို တောင်းယူပြီး ကျောက်သင်ပုန်းပေါ်မှာ တွက်ချက်ကြည့်လိုက်သည့်အခါ ...

"အလို ... သူဟာ တစ်လအတွင်း သေ

မယ့်ကိန်းဆိုက်နေပါလား၊ ငါ ဒီကိစ္စတွေကို

ဖွင့်ပြောလိုက်လို့ မသင့်တော်ပါဘူး၊

ဒီတော့ ပရိယာယ်နဲ့ပြောမှ"

ဟု ပုဏ္ဏားပေဒင်ဆရာကြီးက တွေးတောပြီးနောက် ..

"ကဲ မောင်သိန်းလွင်ရေ ... မင်းရဲ့ကံ

ဇာတာကို ကျုပ် အသေးစိတ်တွက်လိုပါတယ်၊

ဒီတော့ တစ်လအလွန်မှ ပြန်လာခဲ့ပါ"

ဟု ရက်ချိန်းပေးလိုက်လေ၏။

"ဟုတ်ကဲ့ပါ ဆရာကြီး ... ကျွန်တော်

တစ်လပြည့်တာနဲ့ ပြန်လာခဲ့ပါ့မယ်"

ဟု ဆိုကာ မောင်သိန်းလွင်သည် ပုဏ္ဏားပေဒင်ဆရာ ကြီးအား ကန်တော့၍ ပြန်သွားလေ၏။

ပုဏ္ဏားပေဒင်ဆရာကြီးမှာ ...

"အေးကွယ် ... သာဓု သာဓု သာဓု"

ရွှေပဒေသာစာပေ

ဟု ပြောလိုက်သော်လည်း တစ်လအတွင်း သေတော့မည့် မောင်သိန်းလွင်၏ဇာတာကို သိထားသည့် ပုဏ္ဏားပေဒင်ဆရာကြီးမှာ လွန်စွာမှ စိတ်မကောင်းဖြစ်ရလေတော့၏။

ပုဏ္ဏားပေဒင်ဆရာကြီးမှာလည်း တစ်နေ့ … တစ်နေ့ မောင်သိန်းလွင်၏နာရေးသတင်းကို နားစွင့်လို့နေလေတော့၏။



တစ်လပြည့်သည့်အခါ …

"မောင်သိန်းလွင်ရေ … တစ်လပြည့်ပြီ၊ မင်းတော့ သေပြီပေါ့ကွာ၊ မင်းအတွက် ကောင်းမှုကုသိုလ်တွေ လုပ်ပေးပြီး အမျှဝေပါတယ်၊ မင်းရောက်ရာဘဝက သာဓုခေါ်ပါ … အမျှ … အမျှ … အမျှ"

ဟု ဆိုကာ ပုဏ္ဏားပေဒင်ဆရာကြီးမှာ လွန်စွာမှ စိတ်မ

ကောင်းဖြစ်လို့နေလေတော့၏။

ထိုအချိန်မှာပင် … ပုဏ္ဏားဗေဒင်ဆရာကြီးထံသို့ မောင်သိန်းလွင် ရောက်လာသည့်အခါ ပုဏ္ဏားဗေဒင်ဆရာကြီးမှာ လွန်စွာမှ တထိတ်တလန့် ဖြစ်သွားလေတော့၏။

"မင်း … မင်း ငါ့ကို သရဲတစ္ဆေဘဝနဲ့ လာချောက်တာလား။ ငါ, ငါလေ မင်းအတွက် ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပေးထားပါတယ်၊ မောင်သိန်းလွင် .. မင်း သာဓုခေါ်ပါ"

ဟု ပုဏ္ဏားဗေဒင်ဆရာကြီးက ပြောလိုက်သည့်အခါ မောင်သိန်းလွင်မှာ အူကြောင်ကြောင်ဖြစ်သွားလေ၏။ ထို့နောက်

"ဆရာကြီး … ကျွန်တော်ကို ဘာတွေ ပြောနေတာလဲ"

ဟု မောင်သိန်းလွင်က မေးလိုက်လေ၏။

"မင်း … မင်း … မင်းကို ငါ တွက်ချက်ကြည့်တာ၊ မင်းရဲ့ကံဇာတာဟာ တစ်လအတွင်း သေကိန်းဆိုက်နေတာတွေ့ရတယ်၊ အခု … မင်း သေပြီးတော့ ငါ့ကို လာချောက်တာလားကွ"

ဟု ပုဏ္ဏားဗေဒင်ဆရာကြီးက ပြောလိုက်သည့်အခါ..

"ကျွန်တော် မသေပါဘူး။ ဒီလိုဆို ဆရာကြီးတွက်တာ မှားပြောနေတာ ဖြစ်မှာပါ"

ဟု မောင်သိန်းလွင်က ပြန်ပြောလိုက်လေ၏။

"ငါ့ဗေဒင်မမှားဘူး။ မင်း ယတြာကောင်းလို့ ဖြစ်ရမယ်၊ ပြောစမ်း ... မင်း ဘာယတြာတွေလုပ်ခဲ့လဲ"

ဟု ပုဏ္ဏားဗေဒင်ဆရာကြီးက မေးလိုက်သည့်အခါ မောင်သိန်းလွန်က ...


"ဆရာကြီးရယ် ကျွန်တော့် ဘာယတြာမှမလုပ်ပါဘူး၊ ဘာမှလည်း နားမလည်ပါဘူး ခင်ဗျာ၊ အင်း ... ကျွန်တော်လုပ်ခဲ့တာတွေကို ပြောရရင်တော့ အများကြီးပါပဲ"

ဟု ဆိုကာ မောင်သိန်းလွင်အား ပုဏ္ဏားဗေဒင်ဆရာကြီးက တစ်လပြည့်လျှင် ပြန်လာဖို့ မှာလိုက်ပြီးနောက် မောင်သိန်းလွင်သည် သူ၏ဇာတိ၊ ကန်စွန်းဥကျေးရွာသို့ ပြန်လာခဲ့ကြောင်း ပြောပြလိုက်လေတော့၏။


ဇာတိသို့ အပြန်လမ်းခရီးတစ်လျှောက်မှာ ...

"အလို . . . ရေနည်းငါးတွေပါလား၊ ရေ တွေကလည်း ခမ်းခြောက်နေလိုက်တာ၊ ရေမရှိ ရင်တော့ ငါးတွေ သေတော့မှာပါလား"

ဟု ဆိုကာ မောင်သိန်းလွင်မှာ ငါးများကို ဆယ်ယူပြီး မြစ်ထဲသို့ လွှတ်လိုက်ပြီး အသက်ကယ်ခဲ့ဖူးလေ၏။



နောက် ပက်လက်လန်ပြီး ယက်ကန် ယက်ကန်ဖြစ်ကာ ဒုက္ခရောက်နေသည့် လိပ်တစ်ကောင်ကိုလည်း ကယ်ခဲ့ပြန်၏။



နောက်တစ်ဖန် ချုံနွယ်တွေကြားမှာ သမင်လေးတစ်ကောင် သူ၏ချိုနှင့်ငြိနေသဖြင့် ချုံနွယ်တွေကို မောင်သိန်းလွင် ရှင်းလင်းခုတ်ပေးခဲ့ပြန်၏။

သမင်လေးကို ကယ်တင်ပြီးနောက် ချောင်းတစ်ဖက်ကမ်းကို လဲကျနေတဲ့ သစ်ပင်ကြီးကိုလည်း ခုတ်ထွင်ရှင်းလင်းပြီး ချောင်းတစ်ဖက်ကို ကူးဖို့ ချောင်းကူးတံတားဖြစ်အောင် ပြုလုပ်ခဲ့ရပြန်၏။

ထိုအချိန်မှာ လမ်းမှားပြီး ချောင်းကမ်းနံဘေးမှာ စမ်းချောင်းနံဘေးမှာ စမ်းတဝါးဝါးဖြစ်နေရှာတဲ့ မျက်မမြင်ရသေ့တစ်ပါးကိုလည်း ကူညီခဲ့လေ၏။

တောလမ်းခရီးတစ်လျှောက်လုံးမှာ ဆူးငြောင့်ခလုတ်မရှုပ်ရအောင် ရှင်းလင်းခဲ့ပြန်သေး၏။

ထို့နောက် ခရီးသည်များ အနားယူ အပန်းဖြေဖို့ ဇရပ်အိုကြီးကိုလည်း ရှင်းလင်းပြုပြင်ပေးပြီး ရေမရှိသည့် ရေချမ်းအိုးကိုလည်း ဆေးကြောသန့်စင်ပြီး ရေအပြည့်ဖြည့်ခဲ့၏။

ထိုဖြစ်စဉ်များကို မောင်သိန်းလွင်က ပုဏ္ဏားပေဒင်ဆရာကြီးအား ပြောပြလိုက်လေတော့၏။

ထိုအခါ ... ပုဏ္ဏားပေဒင်ဆရာကြီးက ...

''အိမ်း ... မောင်သိန်းလွင် ပြောပြ၊ လုပ်ခဲ့တာတွေဟာ အတော်စိတ်ဝင်စားဖို့ ကောင်းလိုက်တာ၊

တကယ်တော့ အများအတွက် နေ့စဉ် အကျိုးဆောင်မယ်ဆိုရင် အများအတွက် အန္တရာယ်ကင်းသလို ကိုယ့်အတွက်လည်း ကုသိုလ်ရတာပဲ၊

အချို့လူတွေဟာ ဗေဒင်မေးကြ မြန်းကြ ပြီး ဗေဒင်ဆရာက ယတြာချေတဲ့အလုပ်ကို အချို့က အဓိပ္ပာယ်မရှိကြဘူးလို့ ပြောကြတယ်၊

အခု မောင်သိန်းလွင်ဟာ အများအတွက် ကောင်းကျိုးတွေ လုပ်ခဲ့တာတွေကြောင့် သေကိန်းမှ လွတ်မြောက်ခဲ့တာပါပဲ၊

အဲဒါကတော့ ဗုဒ္ဓယတြာလို့ ခေါ်တယ် ကွဲ့''

ဟု မောင်သိန်းလွင်အား ပုဏ္ဏားဗေဒင်ဆရာကြီးက ပြောလိုက်လေတော့သတည်း။

၂၀၁၃၊ ဇန်နဝါရီလ (၁၀) ရက်



# နတ်ကောင်းမ

ရှေးရှေးတုန်းက ...

ဗာရာဏသီပြည်ကြီးမှာ ဖြဟ္မဒတ်မင်းကြီးမင်းပြုနေစဉ် အခါက ဘုရားလောင်းသူကြွယ်သည် ညီဖြစ်သူနှင့်အတူ လှေကြီးတစ်စင်းနှင့် အကျိုးအမြတ်စပ်တူ ကုန်သွယ်ကုန်ကူးကြလေ၏။

ဘုရားလောင်းသူကြွယ်သည် 'ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာတို့ကို အမြဲပူဇော်ကန်တော့ပြီး နတ်မြတ်နတ်ကောင်းတွေကို အမျှအတန်းပေးဝေပြီးမှ အိပ်သလို ထမင်းစားသောက်ပြီးတိုင်း စားကြွင်းစားကျန် ငါးများကို စွန့်ကြဲပြီး ကောင်းမှု

## နတ်ကောင်းမ

ရှေးရှေးတုန်းက ...

ဗာရာဏသီပြည်ကြီးမှာ ဗြဟ္မဒတ်မင်းကြီးမင်းပြုနေစဉ် အခါက ဘုရားလောင်းသူကြွယ်သည် ညီဖြစ်သူနှင့်အတူ လှေကြီးတစ်စင်းနှင့် အကျိုးအမြတ်စပ်တူ ကုန်သွယ်ကုန်ကူးကြလေ၏။

ဘုရားလောင်းသူကြွယ်သည် 'ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာတို့ကို အမြဲပူဇော်ကန်တော့ပြီး နတ်မြတ်နတ်ကောင်းတွေကို အမျှအတန်းပေးဝေပြီးမှ အိပ်သလို ထမင်းစားသောက်ပြီးတိုင်း စားကြွင်းစားကျန် ငါးများကို စွန့်ကြဲပြီး ကောင်းမှု

ကုသိုလ်ပြုလေ၏။

ညီဖြစ်သူကတော့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားသမားဖြစ်၍ ဘာကိုမှလေးနက်မှုမရှိချေ။

တစ်နေ့သ၌ ...

လှေဖြင့် ကုန်ရောင်းကုန်ဝယ်ပြုလုပ်ကြရင်းက အစ်ကိုဖြစ်သူမှာ ...

"ညီလေးရေ ... ဒီနေ့တော့ ကုန်ရောင်း
လို့ရတာ အသပြာတစ်ထောင်ကြီးများတောင်
မြတ်တယ်ကွဲ့"

ဟု ဆိုကာ အမြတ်ငွေတစ်ထောင်ကို ညီဖြစ်သူကို အပ်ထားလိုက်ပြီး အစ်ကိုဖြစ်သူမှာ လှေဝမ်းထဲ၌ တစ်ရေတမော သွားအိပ်လေတော့၏။

ထိုအချိန်၌ လွန်စွာမှ စိတ်ဓာတ်ညံ့ဖျင်းသည့်ညီဖြစ်သူမှာ

"အစ်ကိုအိပ်နေတုန်း ကျောက်စရစ်ခဲ
တွေကို ငွေထုပ်နဲ့တူအောင် လုပ်ထားရမယ်"

ဟု ဆိုကာ သောင်စပ်က ကျောက်စရစ်ခဲတွေကို အဝတ်နှင့် ထုပ်ထားလိုက်ပြီး ဟန်မပျက်နေလေ၏။

အစ်ကိုဖြစ်သူ အိပ်ရာမှ နိုးသောအခါ ၎င်းတို့ ခရီးဆက်


ထွက်ခဲ့ကြပြီးလျှင် ရေလမ်းခရီးတစ်နေရာသို့ ရောက်သည့်အခါ ညီငယ်သည် ဟန်ဆောင်ပြီး အထုပ်ကို မသိမသာ ရေထဲသို့ ပစ်ချလိုက်ပြီး ...

"ဟာ အစ်ကိုရေ ... အမြတ်ငွေ အသ
ပြာငွေထုပ် ရေထဲကျသွားပြီဗျ၊ လုပ်ကြပါဦး၊
ဒုက္ခပါပဲ၊ အစ်ကိုရာ ... ဟီး"

ဟု ဆိုကာ သရုပ်ဆောင် ငိုကြွေးလေတော့၏။
ထိုအခါ အစ်ကိုဖြစ်သူက ...

"အိုကွယ် ... ကျသွားလည်း ဘယ်
တတ်နိုင်မှာလဲ၊ ကံတရားအတိုင်းပေါ့ကွယ်"

ဟု ညီငယ်အား ချော့မော့နှစ်သိမ့်လေတော့၏။




ဤသို့ဖြင့် ၎င်းတို့ညီအစ်ကိုနှစ်ယောက်သည် သူတို့၏ မြို့သို့ပြန်ရောက်သည်နှင့် ညီဖြစ်သူမှာ သူ၏လွယ်အိတ်ကို လွယ်ကာ အိမ်သို့ တစ်ခါတည်း ပြေးလေဟော့၏။

ညီငယ်သည် အိမ်သို့ရောက်သည့်အခါ ခိုးဝှက်ပြီး ယူလာသည့် ငွေထုပ်ကို ဖြေကြည့်လိုက်ရာ . . .

"အလိုလေးဗျာ . . . ကိုယ်ကျိုးတော့နည်း
ပါပြီ၊ ငါ . . . ငါ . . . ငွေထုပ်အစစ်ကို ရေထဲ
ပစ်ချလိုက်မိပြီ"

ဟု ဆိုကာ လွန်စွာမှ ဝမ်းနည်းပက်လက်ဖြစ်ကာ တကယ်ပင် ငိုကြွေးလေတော့၏။



ညီငယ်သည် အမြတ်စွန်းငွေအသပြာ တစ်ထောင်ကို လောဘကြီးပြီး တစ်ယောက်တည်း လိုချင်လောဘတွေတက်ပြီး အစ်ကိုအရင်းပေါ်မှာ သစ္စာမဲ့၍ အခုမှာဖြင့် ငွေဆုံးရကိန်းဆိုက်ရပြီ ...

ညီငယ်သည် ငွေထုပ်အတုနှင့်အစစ်မှားပြီး ရေထဲပစ်ချလိုက်သည့်အခါ ငါးကြီးတစ်ကောင်က အစာမှတ်ပြီး ဟပ်မိလိုက်လေ၏။

ထိုငါးကြီးကို တံငါသည်တစ်ယောက်က ဖမ်းမိရာ တံငါးသည်က ငါးရောင်းထွက်မည့်မိန်းမအား ...

"မိန်းမရေ ... ငါးကြီးကို အကောင်
လိုက်ရမှရောင်းနော်"

ဟု မှာလိုက်လေ၏။

တံငါသည် မိန်းမသည် ရွာထဲသို့လည်ရောင်းရင် ညီငယ်အိမ်ရှေ့သို့ရောက်သည့်အခါ ညီငယ်မိန်းမက ခေါ်ပြီး ...

"ငါးတစ်ပိုင်းလောက် ရောင်းပါ၊ ကျွန်မ
ယောက်ျားတစ်ယောက်စာအတွက် စားမှာမို့
ပါ"

ဟု ဆိုကာ ဝယ်ယူလေ၏။

ထိုအခါ တံငါသည်မိန်းမက ...

"ပိုင်းပြီး မရောင်းပါဘူး၊ အကောင်လိုက်

ပဲ ရောင်းမှာပါ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်မှာ ညီငယ်မှာ နဂိုက ငွေထုပ်အစစ်နဲ့အတု များပြီး ရေထဲပစ်ချမိသည့်အတွက် လွန်စွာမှ ဒေါသတွေ ထွက်နေသည့်အခါ ...

"ဒီငါးကြီးကို ပိုင်းမရောင်းရင် မဝယ်

ဘူး"

ဟု ဆိုကာ မိန်းမတွေ အရောင်းအဝယ်လုပ်နေတာကို ညီဖြစ်သူက ကြားဝင်၍ ပြောလိုက်လေတော့၏။

ငါးသည်သည် ညီငယ်အိမ်ရှေ့မှ ထွက်လာခဲ့ပြီး အစ်ကိုဖြစ်သူ၏အိမ်ရှေ့သို့ရောက်လာကာ ...

"ငါးယူကြဦးမလား"

ဟု ဆိုကာ အော်လေတော့၏။

အော်သံကြားရသည့်အခါ အစ်ကိုဖြစ်သူ၏မိန်းမ ထွက်လာကာ ...

"ငါးသည်လာပါဦး၊ ကျွန်မယောက်ျား

ဒီနေ့ပြန်ရောက်မှာ၊ သူ့ညီလည်း ပါလာမှာ၊
ဒါကြောင့် ငါးတစ်ကောင်လုံးပဲ ယူလိုက်မယ်
ရှင့်''
ဟု ဆိုကာ ဝယ်လိုက်လေတော့၏။
ထိုအချိန်မှာ အစ်ကိုဖြစ်သူ ပြန်ရောက်လာပြီး ...
''မောင်ကြီးရေ ... ဟောဒီမှာ ငါးကြီး
တစ်ကောင် ဝယ်ထားလိုက်တယ်၊ ရှင့်ညီရော
မပါဘူးလား''
ဟု အစ်ကို့မိန်းမက မေးလိုက်လေ၏။
''အေး မပါဘူး၊ သူ အိမ်ပြန်သွားတယ်''
ဟု ပြောပြီး ငွေထုပ်ရေထဲကျသွားသည့်အကြောင်း
ညီငယ် ငိုကြွေးရသည့်အကြောင်း ပြောလိုက်လေ၏။
ထိုအခါ အစ်ကို့မိန်းမက ...
''အင်း ... ကံတရားပေါ့၊ ရှင့်ညီငယ်ကို
နှစ်သိမ့်ပေးပါ''
ပြောပြီး ငါးကြီးကို ချက်ပြုတ်ရန် ခုတ်ထစ်နေစဉ် ...
''အလို ... ဘာကြီးလဲ''
ဟု တွေးနေစဉ် ...

"အို . . . ငါးကြီးဗိုက်ထဲက ငွေထုပ်ကြီး
ပါလား"

ဟု ဆိုကာ ယောက်ျားဖြစ်သူကို ခေါ်ပြောလိုက်လေတော့၏။

"ဟာ . . . ဒါ ငါတို့အမြတ်ငွေ အသပြာ
တွေပဲ၊ ညီငယ် မတော်တဆ ရေထဲကျသွားတဲ့
ငွေထုပ်ပဲ"

ဟု ဆိုကာ ဝမ်းသာအားရ ပြောလိုက်လေ၏။

ထို့နောက် အစ်ကိုဖြစ်သူက အသပြာငွေကို တစ်ဝက်စီ ခွဲပြီး . . .

"ငါ့ညီရဲ့ဝေစုကို သွားပေးရင် သူ သိပ်
ပြီး ဝမ်းသာမှာပဲ"

ဟု ပြောလိုက်ပြီးနောက် ညီငယ်အိမ်ကို သွားလေတော့၏။ ညီငယ်အိမ်ကို သွားသည့်အခါ အစ်ကိုသည် ညီငယ့်အိမ်ကို မြစ်ကမ်းနားက ဖြတ်သွားရလေ၏။

ထိုအခါ မြစ်ကမ်းနားမှ မြစ်စောင့်နတ်မင်းက . . .

"အို အစ်ကိုဖြစ်သူ . . . ငါသည်ကား
မြစ်စောင့်နတ်မင်း ဖြစ်လေသည်၊ သင့်အား

ပူဇော်ထိုက်သူကို ပူဇော်ပါသည်၊
ထို့ကြောင့် ငါသည် သင့်အား သူတော်
ကောင်း နတ်ကောင်းမ,ခြင်းပင်ဖြစ်သည်၊
ဤငွေထုပ်သည်ကား သင်နှင့်ထိုက်၏။
သင့်ညီနှင့်မထိုက်၊ ထို့ကြောင့် သင့်ညီအား
ဤငွေထုပ်ကို မပေးပါနှင့်''
ဟု ဆိုကာ ပြောလိုက်လေ၏။

အစ်ကိုဖြစ်သူမှာမူ မြစ်စောင့်နတ်မင်း၏အသံကို ကြားရသော်လည်း ဂရုမထားဘဲ ညီငယ်ထံသို့သွားရာတွင် မြစ်ဆိပ်တွင် ယူကျုံးမရဖြစ်လို့ရှာသော ညီငယ်ကို တွေ့လိုက်ရလေတော့၏။

ထိုအခါ အစ်ကိုဖြစ်သူက ...
''ညီငယ်ရေ ... ငါးကြီးတစ်ကောင်ဗိုက်
ထဲမှာ တို့အသပြာထုပ် ပြန်ရတယ်၊ တို့ညီအစ်
ကို ကုန်သွယ်သွားစဉ်က အကျိုးအမြတ်စပ်တူ
ကတိအတိုင်း အမြတ်ငွေတစ်ဝက်ကို လာပေး
တာ၊ ရော့ ... ငါ့ညီအတွက်''

ဟု ဆိုပြီး ပေးလိုက်သည့်အခါ ညီဖြစ်သူမှာ လွန်စွာမှ ဝမ်းနည်းသွားရလေတော့၏။

ရွှေပဒေသာစာပေ

"ပူဇော်ထိုက်သူကို ပူဇော်၍ သူတော်ကောင်း နတ်ကောင်းမဆိုသည့် ...

ပူဇာနိယ ပူဇာစ ပြုအပ်သည်သာ မင်္ဂလာ"

ပင် ဖြစ်လေတော့သတည်း။

၂၀၁၄၊ ဇန်နဝါရီလ (၁၀) ရက်

ရွှေဒေသာစာပေ



# မွေးနေ့အလှူ

"အလှူဒါနပေးဝေငှ ထက်လှစေတနာ
မင်္ဂလာတည်း"
ဟု ဆိုသော (၃၈) ဖြာ မင်္ဂလာပုံပြင်တစ်ခု ရှိလေ၏။

*

တစ်ခါက ...
တောကြီးထဲမှာ မျောက်တစ်ကောင်၊ ခြေခွေးတစ်

ကောင်၊ ဖျံတစ်ကောင်နှင့် ယုန်တစ်ကောင်တို့သည် လွန်စွာမှ ချစ်ကြသည့် မိတ်ဆွေများ ဖြစ်ကြလေ၏။

"သူငယ်ချင်းတို့ရေ ... လှူကြ၊ တန်းကြ၊ ဒါနပြုကြပေါ့"

ဟု ယုန်က အမြဲပြောလေ့ရှိ၏။

ထို့ကြောင့် ယုန်၏ကွယ်ရာတွင် မျောက်၊ ဖျံ၊ မြေခွေး တို့က ...

"ဟေ့ သူငယ်ချင်းတို့ ... ယုန်ပညာရှိကတော့ တို့ကိုပဲ အမြဲလှူဖို့ ပြောနေတယ်"

ဟု ဖျံက ပြောလိုက်လေ၏။

"ဟုတ်ပါရဲ့၊ တို့စားတဲ့အစာကို လှူရရင် တို့အသားတို့၊ သစ်သီးတွေလှူရမှာ"

ဟု မြေခွေးက ပြောလိုက်ရာ မျောက်က ...

"သူက မြက်စားတော့ မြက်လောက်တော့ လှူနိုင်တာ"

ဟု ပြောလိုက်လေ၏။

တစ်နေ့သ၌ ...



ယုန်ပညာရှိက သူ၏မိတ်ဆွေများအား ...

"သူငယ်ချင်းတို့ရေ ... မနက်ဖြန်
လပြည့်ဥပုသ်နေ့ပဲကွ၊ ငါတို့သူငယ်ချင်းတွေ
အလှူဒါနပြုကြရအောင်"

ဟု ဆိုကာ သတိပေးနှိုးဆော်လိုက်လေတော့၏။

ထို့နောက် ... မြေခွေး၊ ဖျံ၊ မျောက်တို့သည် လပြည့်နေ့ ဥပုသ်နေ့မှာ အလှူဒါနပြုကြဖို့အတွက် အစားအသောက်များ ရှာဖွေကြရလေတော့၏။

"ဟော ... ငါးကြင်းတွေပါလား၊ ဒီမှာ
ဗျို့ ... ဒီငါးကြင်းတွေ ပိုင်ရှင်ရှိလားဗျို့"

ဟု ဖျံက အစာရှာထွက်ရင်း ငါးကြင်းတွေရဲ့ပိုင်ရှင်ကို ရှာဖွေရင်း အော်လိုက်လေ၏။

သို့သော် မည်သို့မျှ မထူးခြားသဖြင့် ...

"အင်း ... ဒီငါးကြင်းတွေကို လှူလိုက်
ရင် ငါးပိုင်ရှင်တံငါလည်း ကုသိုလ်ရ၊ ငါလည်း
ကုသိုလ်ရ"

ဟု ဆိုကာ ငါးကြင်းတွေကို ဖျံက ဝမ်းသာအားရ ယူလာခဲ့ရလေတော့၏။

မြေခွေးကလည်း အစာရှာထွက်လာသည့်အခါ ကံအား

လျှော်စွာနှင့် အသားကင်နှင့်နို့အိုးတစ်အိုးကို တွေ့လေ၏။

ထို့နောက်

"ပိုင်ရှင်ရှိလား၊ ပိုင်ရှင်ရှိလာဗျို့"

ဟု အော်ဟစ်သော်လည်း ပိုင်ရှင်အား မတွေ့သည့်နောက် မြေခွေးမှာ ...

"ဒါတွေအားလုံးကို လျှုလိုက်ရင် ...

ကုသိုလ်တွေ ပိုင်ရှင်ရော၊ ငါရော ရမှာ"

ဟုဆိုကာ လွန်စွာမှဝမ်းသာအားရ ယူသွားလေတော့၏။

ထိုအချိန်မှာပင် မျောက်သည်လည်း တောထဲ၌ အလေ့ကျပေါက်နေသည့် ပိုင်ရှင်မဲ့ ငှက်ပျောသီးများကိုတွေ့ရာ ...

"ဟော ... ပွတာပဲ၊ ပိုင်ရှင်မဲ့ ငှက်ပျော

သီးတွေ တစ်ခိုင်လောက် ခုတ်ယူလိုက်ရင်

လပြည့်နေ့ ဥပုသ်နေ့မှာ လှူဒါန်းလို့ရပြီ"

ဟု ဆိုကာ ဝမ်းသာအားရ ငှက်ပျောခိုင်ခုတ်ယူပြီး လာခဲ့လေတော့၏။

"လှူလည်းလှူမယ် ... စားလည်း

စားမယ်၊ ဒါကြောင့် ... ဟန်လည်း

ကျူ ကုသိုလ်လည်း ရ···ဟော


···ဟော"

ဟု ဆိုကာ ယုန်နှင့်သူငယ်ချင်းများ လွှန်စွာမှ ပျော်ရွှင်ကြလေ၏။

ယုန်၊ မျောက်၊ ဖျံ၊ မြေခွေးတို့ စုပေါင်းပြီး အလှူလုပ်ကြမည့်အစီအစဉ်ကို ပြောဆိုတိုင်ပင်နေချိန်တွင် ပုဏ္ဏားအိုကြီးတစ်ယောက် ရောက်လာပြီးလျှင် ...

"ဟေ့ မိတ်ဆွေတို့ ... ကျုပ် ဒီနေ့ လပြည့်နေ့မို့ ဥပုန်စောင့်မယ်၊ ဘာလှူကြမလဲ"

ဟု မေးရာ အလှူခံလေ၏။



ထိုအခါ ... မျောက်က ဦးစွာ ...

"ကျွန်ုပ် ငှက်ပျောသီးတွေ လှူပါ့မယ် ခင်ဗျာ"

ဟု ဆိုကာ ငှက်ပျောသီးတစ်ခိုင် လှူဒါန်းလိုက်လေ၏။

"ကျွန်ုပ်က အသားကင်နဲ့ နို့အိုးတစ်အိုး လှူမယ်"

ဟု ဆိုကာ မြေခွေးက လှူဒါန်းလိုက်ပြန်၏။

ဖျံကလည်း ...

"အသင်ပုဏ္ဏားကြီး ကျွန်ုပ် ငါးကြင်းတွေ လှူပါ့မယ်"

ဟု ဆိုကာ လှူဒါန်းလိုက်လေတော့၏။

ထိုအခါ ... ယုန်မှာ ...

"အင်း ... ငါ့မှာ လှူစရာဆိုလို့ မြက်ပဲ ရှိတာ၊ ပုဏ္ဏားကြီးက လူဆိုတော့ မြက်လှူလို့ မဖြစ်ဘူး"

ဟု စဉ်းစားနေစဉ် ...

"ဟေ့ ယုန်သူငယ် ... အသင်ရော ဘာ လှူဖို့ ရှိသလဲ"

ဟု ပုဏ္ဏားကြီးက မေးလိုက်ရာ ...

"ကျွန်ုပ် တစ်ကြိမ်တစ်ခါမျှ မလှူဘူး သော အလှူမျိုးကို လှူချင်ပါတယ်၊ အလွန် ထူးကဲတဲ့ အာဟာရကို လှူမှာမို့ မီးကို ချက် ချင်းမွေးလိုက်ပါ"

ဟု ယုန်က ပြောလိုက်လေတော့၏။

"ဟေ့ ယုန် ... ပုဏ္ဏားကြီးကို ဘာချက် ကျွေးမလို့လဲ"

ဟု ဆိုကာ ဖျံ၊ မျောက်၊ မြေခွေးတို့က မေးလိုက်ကြပြီး မီးလည်း မွေးလိုက်ပြီးနောက် ...

"အသင်ပုဏ္ဏားကြီး ... ကျွန်ုပ်မှာ လှူ စရာ ဘာမှမရှိပါဘူး။ ကျွန်ုပ်ရဲ့အသားကိုသာ လှူပါ၏။

အရပင် မီးကင်ပေးပါအံ့"

ဟု ဆိုကာ ယုန်ဟာ မီးပုံထဲကို ခုန်ချလိုက်သောအခါ

"ဟိုက် ... ယုန် မီးပုံထဲ ခုန်ချလိုက်ပြီ"

"ဆွဲကြပါဦး။ သူ့အသက်ကိုမှ လှူရ တယ်လို့ကွာ"



ဟူ၍ ဖျံ၊ မြွေခွေး၊ မျောက်တို့က ပြောလိုက်လေ၏။

ယုန်သူငယ်သည် မီးပုံထဲ ခုန်ချလိုက်သည်နှင့် မီးကို ရေနှင့်ငြိမ်းလိုက်သလို မီးတောက်သည် ငြိမ်းသွားလေရာ ...

"ဟား ဟား ဟား" .

ဟု ဆိုကာ ပုဏ္ဏားကြီးမှာ လွန်စွာမှ ဟားတိုက်ရယ်မောလိုက်လေ၏။ ထို့နောက် ...

"ဟေ့ ... ငါသည်ကား အခြားမဟုတ်၊

သိကြားမင်းဖြစ်လေ၏"



"သင်တို့၏အလှူဒါနစိတ်ကို သိလို၍

စမ်းသပ်ခြင်းဖြစ်တယ်၊

သင်တို့ထဲမှာ ဤယုန်သူငယ်ဟာ စိတ်

စေတနာကား ကြီးမားလှပေ၏။

ရွှေပုံဒေသာစာပေ

အဲဒါက ...အလှူဒါန ပေးဝေရ
ထက်လှစေတနာ ... လို့ဆိုတဲ့ မင်္ဂလာပါပဲ"
ထို့နောက် ... သိကြားမင်းကြီးသည် ယုန်သူငယ်အား
ဂုဏ်ပြုသည့်အနေဖြင့် လပြည့်ဝန်းကြီးမှာ ...
"ယုန်ရုပ်အသွင် ပေါ်လွင်အံ့"
ဟု ပြောလိုက်လေ၏။

ရွှေလမှာ...ယုန်ဝပ်လို့...
ဆန်းဖွပ်သည့် အဘိုးအို
ဟောကြည့်ပါဆို ...

၂၀၁၄၊ ဇန်နဝါရီလ (၁၀) ရက်



# တရားမြွတ်

တစ်ခါက . . .

ကျေးရွာတစ်ခုမှာ လင်မယားနှစ်ယောက် ရှိလေ၏။

ထိုလင်မယားသည် သျှောင်နောက်ဆံထုံးပါဆိုသည့် အတိုင်း ရှေ့သွားနောက်လိုက်ညီကြ၏။

ဘဝခရီးလမ်းကိုလည်း မောင်တစ်ထမ်း၊ မယ်တစ်ရွက် မရှိသူ၊ ရှိသူ လျှောက်လှမ်းကြလေ၏။

တစ်နေ့သ၌ . . .

ထိုလင်မယားသည်ကား ဈေးရောင်းမှ ပြန်လာသည့် အခါ လမ်းတစ်နေရာအရောက် တစ်ခဏနားကြလေ၏။

"ယောက်ျားရေ . . . မိန်းမတော့ ငွေ

ကျိတ်ပြီး စုနေတယ်"

ဟု မိန်းမဖြစ်သူက ပြောရာ ယောကျ်ားဖြစ်သူက ...

"ဘာလဲ ... မင်းက ရွှေဝယ်မှာလား၊ စိန်ဝယ်မှာလား"

ဟု မေးလိုက်လေ၏။

"အို ... မဟုတ်တာပဲ ယောကျ်ားရယ်၊ အလှူအတန်းလေး လုပ်ချင်လို့ပါ"

ဟု မိန်းမဖြစ်သူက ပြန်ပြောလိုက်လေရာ ...

"အေး ... သာဓု ... သာဓု ... သာဓု၊ အလှူရေစက် လက်နဲ့မကွာဆိုတာ ကောင်းတာပေါ့ကွာ ... မိန်းမရာ"

ဟု ယောကျ်ားဖြစ်သူက ပြောလိုက်ပြီး ၎င်းတို့လင်မယားသည် နေ့စဉ် ဈေးရောင်းရသည့်ငွေထဲမှ ချွေတာစုဆောင်းကြလေတော့၏။

ထိုလင်မယားသည် ညရောက်သည့်အခါ နေ့စဉ်ရောင်းရသည့် ငွေအချို့ကို အိုးတစ်လုံးတွင်ထည့်ပြီး မြေကြီးထဲမှာ မြှုပ်ထားကြလေ၏။

"ငွေတွေ ... ငွေတွေ ... ကျုပ်တို့ငွေ

တွေ့ တစ်နေ့လှူမယ်၊ ငြိုးခြင်းဟာ မင်္ဂလာ
ပဲ၊ အလှူဆိုတာ၊ ဒါနဆိုတာ မင်္ဂလာပဲ မိန်းမ
ရဲ့၊ အေး ... ဘယ်တော့မှ တရားလက်လွတ်
မဖြစ်စေနဲ့ကွဲ့"

ဟု ဆိုကာ ယောက်ျားဖြစ်သူက အခါအခွင့်သင့်တိုင်း ပြောပြလေ့ရှိ၏။

တစ်နေ့သောအခါ ...

ဈေးထဲ ဈေးရောင်းရင်း ဈေးသည်မိန်းမများ အချင်းချင်း ကြွားဝါးကြရာ ...

"ကျုပ်အလှူမှာ ကျုပ်ပန်ဖို့ စိန်နားကပ်
တစ်ရံဝယ်မလို့အေ"

ဟု ပြောလိုက်လေ၏။

ထိုစကားကို မိန်းမဖြစ်သူ လွန်စွာမှ စိတ်ဝင်စားသွားပြီးလျှင် ညရောက်သည့်အခါ မိန်းမဖြစ်သူက ...

"ယောက်ျားရေ ... ကျုပ်တို့ ရဟန်းခံ
ရှင်ပြုနားသမင်္ဂလာအလှူ လုပ်ကြရင်
မကောင်းဘူးလား"

ဟု ဆိုကာ တိုင်ပင်လေ၏။

"အေး ... ကောင်းတယ်၊ ကောင်းတယ်၊ ဒါပေမဲ့ ... တို့မှာ သားသမီးမရှိတော့ ရှင်ပြုနားသဆိုတာ မဖြစ်ချေဘူး"

ဟု ယောက်ျားဖြစ်သူက ပြောရာ မိန်းမဖြစ်သူက ...

"အို ... ယောက်ျားရယ် မိဘမဲ့သားယောက်ျားလေးတစ်ယောက်ကို ရှင်ပြုပေးလိုက်ပြီး ယောက်ျားက ပဋ္ဌခံလိုက်ပေါ့ရှင်"

ဟု ပြောလိုက်လေ၏။

"ဟေး ... ဟန်ကျလိုက်တာ၊ ငါလည်း သင်္ကန်းဝတ်ချင်နေတာနဲ့ အတော်ပဲ၊ အဲ ... နားသမင်္ဂလာကျတော့ ဘယ်လိုလုပ်မလဲ"

ဟု မေးရာ ...

"ဟီး ... ဒါကတော့ မိန်းမလည်း စိန်နားကပ်ပန်ချင်သေးတယ် တော်ရေ"

ဟု ပြောလိုက်လေတော့မှ ယောက်ျားဖြစ်သူက သဘောပေါက်သွားပြီး ...

"အင်း ... သူလည်း မိန်းမသားပေမို့ လုချင်ရှာပေမပေါ့"

ဟု ကရုဏာသက်မိလေတော့၏။ ထို့နောက် ...


"အေးအေး ကောင်းပါတယ်၊ ကောင်းပါ တယ်၊ ဒါပေမဲ့ ... စိန်နားကပ်ရောင်နဲ့ ပါး ပြောင်တဲ့အလှူမျိုးတော့ မဖြစ်စေနဲ့ မိန်းမရာ"

ဟု ယောက်ျားဖြစ်သူက သတိပေးလိုက်လေတော့၏။

ထိုညမှာ မိန်းမဖြစ်သူသည် စိတ်ကူးယဉ်ပြီး အိပ်ပျော် သွားသည့်အခါ စိန်နားကပ်တဝင်းဝင်းနှင့် အလှူရှင်မကြီးအသွင် နှင့် အိပ်မက် မက်လေတော့၏။

တစ်လောကလုံးမှာလည်း ညအမှောင်ထုအောက်မှာ သူတို့လင်မယားအိမ်ငယ်လေးသည်လည်း လွန်စွာမှ တိတ်ဆိတ် လို့နေလေ၏။

ထိုသို့တိတ်ဆိတ်ခြင်း၏ငြိမ်သက်နေသည့်အချိန်တွင် လူ ရိပ်တစ်ခုသည် အမှောင်ကို အကာအကွယ်ပြုပြီး ထိုလင်မယား ၏အိမ်အနားသို့ ခိုကပ်လာလေ၏။



နံနက်မိုးလင်းသောအခါ ...

"အမယ်လေးတော့ ... ကုန်ပါပြီ ကုန်ပါပြီတော်"

ဟု ဆိုကာ မိန်းမဖြစ်သူ ငိုသံကြီးနှင့် အော်လိုက်သည့်အခါ အိပ်ပျော်နေသော ယောက်ျားဖြစ်သူမှာ လန့်နိုးလာလေတော့၏။

"အလိုလေး ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု ယောက်ျားဖြစ်သူက မေးလိုက်ရာ ...

"ဘာဖြစ်ရမှာလဲ ... ကျုပ်တို့ငွေတွေ သူခိုးခိုးသွားပါပြီတော့်"

ဟု ဆိုကာ မိန်းမဖြစ်သူမှာ အရူးပမာဖြစ်လို့ နေလေတော့၏။

ထို့နောက် မိန်းမဖြစ်သူမှာကား ...



"ကျူပ် ရှက်တယ်၊ အလှူမလုပ်နိုင်တော့ဘူး။ စိန်နားကပ်ကြီးကြီးမပြောနဲ့ စိန်နားကပ်သေးသေးလေးတောင် မပန်နိုင်တော့ဘူး ...
ဟီး ... ဟီး"

ဟု ဆိုကာ ငိုကြွေးလေတော့၏။

"ကဲ မိန်းမရေ ... အဲဒါ မိန်းမကြွားထားလို့ အခုလို သူခိုးခိုးခံရတာ၊

ဘယ်သူ့မပြု မိမိမှုပေါ့ကွယ်၊ ကဲပါလေ ... အစကတည်းက ငွေစုတာ လှူဒါန်းဖို့ ဆုံးဖြတ်ထားတဲ့ငွေတွေပဲကွယ်၊ လှူတယ်လို့ပဲ သဘောထားလိုက်ပါ မိန်းမရာ"

ဟု ယောကျ်ားဖြစ်သူက ချော့ကာ ဖျောင်းဖျလိုက်ရာ မိန်းမဖြစ်သူမှာ ...

"ဟင့် ... ဟင့် ... ကျူပ်ဝယ်မလို့ ဆုံးဖြတ်ထားတာ၊ အခုတော့ မဝယ်ရတော့ဘူး ... ဟီး"

ဟု ဆိုကာ လွန်စွာမှ ဝမ်းနည်းကြေကွဲရလေတော့၏။

"မိန်းမရာ ... လူလည်း သခါရ ပစ္စည်း

လည်း သခါရ၊ ပြီးတော့ . . . လူလည်း ပထဝီ၊ ပစ္စည်းလည်း ပထဝီ၊ အားလုံး . . . အားလုံးတို့တွေဟာ ပထဝီမြေကြီးပါပဲကွယ်၊

ကဲ . . . တို့တစ်တွေရဲ့ စိတ်ချမ်းသာမှုဟာ တစ်ခုပဲ ရှိတော့တယ်၊

ဒါကြောင့် ငါ ဆုံးဖြတ်လိုက်ပြီ၊ မင်းဆန္ဒရှိထားတဲ့အတိုင်း ငါ ဒီနေ့ကစပြီး ရဟန်းဘောင်ကို ဝင်တော့မယ်၊

အဲဒီတော့ . . . မိန်းမ မင်းလည်း တစ်သက်လုံး စိတ်ချမ်းသာအောင် ငါနဲ့အတူ ယောဂီလိုက်ဝတ်ပါလား''

ဟု ယောက်ျားဖြစ်သူက ပြောလိုက်လေရာ . . .

''ကောင်းပါပြီရှင်၊ မိန်းမလည်း လောကကြီးကို ရွံ့ရှာလှပါပြီ''

ဟု မိန်းမဖြစ်သူကလည်း ပြန်ပြောလိုက်လေတော့၏။

ထို့နောက် ၎င်းတို့လင်မယားသည် တောထွက်ကာ ယောက်ျားက ရှင်ရသေ့ဝတ်၍ မိန်းမဖြစ်သူက ယောဂီရှင်မ အသွင်ဖြင့် တဲကျောင်းငယ်ကိုယ်စီ တစ်ယောက်နှင့်တစ်ယောက်

မနီးမဝေးတွင် တရားအားထုတ်ကာ နေကြလေတော့၏။

တစ်ခါတစ်ရံ ၎င်းတို့သည် တရားအကြောင်းများ ဆွေးနွေးကြလေ၏။

"ရှင်မ ... ငါကား ကမ္မဋ္ဌာန်းတရားတွေ
အကျိုးများရပါပြီ၊ ရှင်မကရော အဘယ်နည်း"
ဟု ယောက်ျားရှင်ရသေ့က မေးရာ ...
"အကျွန်မလည်း တရားကမ္မဋ္ဌာန်း စီး
ဖြန်းလျက်ရှိကြောင်းပါ"
ဟု မိန်းမယောဂီမက လျှောက်ထားလိုက်လေ၏။
"သာဓု ... သာဓု ... သာဓု"
ဟု ရှင်ရသေ့က မိန့်လိုက်လေ၏။

၎င်းတို့ကား တစ်ခါတစ်ရံ မနီးမဝေးရှိ ကျေးရွာများသို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ဆေးဝါးများကို အလှူခံထွက်လေ့ရှိ၏။

အခါမလပ် တရားကျင့်ကြံအားထုတ်မှုတွေနှင့် အချိန်ကုန်စေ၏။

တစ်နေ့သ၌ ၎င်းတို့သည် အလှူခံထွက်ကြရာ ရသေ့က ရှေ့ကကြွပြီး ယောဂီမက နောက်ကပါ လိုက်လေ၏။

လမ်းတစ်နေရာရောက်သည့်အခါ ...

"အလို ... အရောင်တလက်လက်နဲ့
စိန်တစ်လုံးပါလား ဒုက္ခပါပဲ"

ဟု ရှင်ရသေ့ ရေရွတ်ရင်း ချက်ချင်းဆိုသလို ခြေနှင့်ယက်ပြီး 'စိန်' ကို မြေကြီးနှင့် ဖုံးအုပ်လိုက်လေ၏။

နောက်မှလိုက်လာသည့် ယောဂီမက ရှင်ရသေ့အား မှီလာပြီးလျှင် ...

"အို ရှင်ရသေ့ ... အဘယ်ကြောင့် ရပ်
တန့်နေရပါသနည်း"

ဟု မေးလိုက်လေ၏။

ထိုမေးခွန်းကြောင့် ရှင်ရသေ့မှာ ဖြေရလွန်စွာမှ ခက်သွားလေရာ တစ်ခဏအတွင်းမှ ရှင်ရသေ့က ...

"ဟင်း ... ငါ ... သည် ... လိမ်ညာ
ပြောပြောဆိုခြင်းကို စက်ဆုတ်လှသည်၊
အခု ... အမှန်အတိုင်းပင် ပြောဆိုပါ့
မည်၊ ငါရပ်နေခြင်းသည် စိန်တစ်လုံးရတနာကို
တွေ့ရလို့ မြေကြီးနဲ့ ဖုံးဖိနေတာပါ"

ဟု မိန့်လိုက်လေ၏။

"အဘယ်ကြောင့် ဖုံးဖိနေရသနည်း"
ဟု ယောဂီမက လျှောက်ရာ ...

"ရှင်မ မမြင်အောင်လို့ ဖုံးဖိထားရခြင်း
ဖြစ်သည်"
ဟု မိန့်လေ၏။

"အဘယ်ကြောင့် အကျွန်မကို မမြင်စေ
လိုပါသနည်း"
ဟု ယောဂီမက လျှောက်ရာ ...

"ရှင်မကား 'စိန်' ကို လွန်စွာမှ မက်
မောသောမိန်းမသားဖြစ်နေ၏။

ရှင်မ အလွန်မက်သော စိန်ကို မြင်တွေ့
သွားလျှင် တရားအားထုတ်မှုတွေ ပျက်မည်ကို
စိုးရိမ်သောကြောင့် ဖုံးဖိ၍နေရခြင်းဖြစ်၏"
ဟု ရှင်ရသေ့က မိန့်လိုက်လေ၏။

"အို ရှင်ရသေ့ ... အကျွန်မကား ရှင်
ရသေ့နဲ့အတူ တရားကျင့်နေသည် မဟုတ်
လော၊ အရှင်ကား ယောက်ျားပီပီ တရား
ပေါက်နေပြီဟု အကျွန်မ ထင်ထားမိ၏။

ယခုသော် အရှင်ကား စိန်သည်လည်း
ပထဝီမြေကြီးဟုဆိုကာ သတိ၊ အသိ လက်
လွှတ်နေချေပြီ၊
အကျွန်ုပ်မအဖို့ကား အရှင်သည် ပထဝီ
တစ်ခုကို ပထဝီနှင့်ဖုံးဖိနေခြင်းသာ မြင်မိနေ
၏''

ဟု ဆိုကာ ယောဂီမက လျှောက်လိုက်ရာ ရှင်ရသေ့က
''အလို ... ရှင်မကား ယောဂီမအစစ်
ပေတကား ...
သာဓု ... သာဓု ... သာဓု''

ဟု မိန့်လေရာ ၎င်းတို့သည် အပြန်အလှန် တရား၏ အနှစ်သာရနှင့် ပြည့်စုံသည့် 'တရားမြတ်' ကို ရရှိကြကုန်လေတော့သတည်း။

၂၀၁၄၊ ဇန်နဝါရီလ (၁၀) ရက်



## ခန္တီစ

သည်းခံခြင်းဆိုသည့် "ခန္တီစ" နှင့် ပတ်သက်ပြီး ...

တစ်ခါတုန်းက ...

ပုဏ္ဏားတစ်ယောက်သည် နွားပျောက်ရှာရင်း တောထဲ၌ မျက်စိလယ် လမ်းမှား ရှာလယ်လို့နေလေတော့၏။

ထို နွားပျောက်ရှာသည့် ပုဏ္ဏား ရောက်နေသည့်နေရာကား လွန်စွာမှ နက်သော တောနက်ကြီးဖြစ်နေသည့်အတွက်

"အရှိ ... နာတော့ ... မျက်ရှိလယ်
လမ်းမှားနင်းကီးပြီ၊ နွားနွားလည်း အခုထိ ရှာ
လို့မတွေ့ဘူး။ ထမင်းလည်း ရှာနင်းကီးလှပြီ"

ဟု ပုဏ္ဏားမှာ တောထဲသုံးရက်ခန့် လမ်းစ၍ မတွေ့ချေ။



ပုဏ္ဏားမှာ နွားပျောက်ရှာဖို့ထက် အစာကို အရင်ရှာရလေ၏။

"ဟေး အရှိ ... သစ်ကိုင်းအဖျားမှာ
သစ်သီးတစ်လုံးပါလား၊ တက်ခူးနင်းကီးမယ်"

ဟု ဆိုကာ ပုဏ္ဏားသည် သစ်ပင်ပေါ်တက်ရသည့်အခါ သုံးရက်ခန့် အစာမစားရသဖြင့် အားပြတ်နေသဖြင့် သစ်ပင်ပေါ်သို့ အတော်နှင့်မရောက်နိုင်။ သစ်ပင်ပေါ်သို့ ရောက်သော်လည်း

မောပန်းလို့နေပြီး တစ်ကိုယ်လုံးလည်း တုန်တုန်ချည့်ချည့်နေလေ၏။

သစ်ကိုင်းဖျားက သစ်သီးတစ်လုံးကို တုန်တုန်ယင်ယင်နှင့် လှမ်းအခူးမှာ သစ်ကိုင်းကျိုးကျပြီး လူရော၊ သစ်ကိုင်းပါ သစ်ပင်ပေါ်မှ ကျသွားလေတော့၏။

"အား"

ဟု ဆိုကာ ပုဏ္ဏားသည် လွန်စွာမှ နက်သည့်ချောက်ကြီးထဲသို့ ကျသွားလေတော့၏။

"အရှိ ... ရှိ"

အောက်သို့ရောက်သွားသော်လည်း မကျိုးမပဲ့ မသေပေမယ့် အတော်လေး နာသွားရာ ...

"အင်း ... နာသိပ်ကာ်ကောင်းလို့ မသေ
နင်းကီးတာ၊ အရှိ ... ရှိ ... အာ့မြင့်ကြီးပါ
လား၊ နာ ဘယ်လိုတက်ရပ့်မလဲ"
ဟု ညည်းတွားလိုက်လေတော့၏။

ထို့နောက် ပုဏ္ဏားသည် အပေါ်ကိုတက်ဖို့ ကြိုးစားပေမယ့် တက်လိုက်၊ ပြန်ကျလိုက်နှင့် နောက်ဆုံး အားလျော့လိုက်ရပြီး ...

"အာရေး ... ဖရား ... ဖရား နာကြာ ရင် ဒီချောက်ထဲမှာ သေနိုးကီးရတော့မယ်" ဟု တထိတ်တလန့်ဖြစ်သွားလေတော့၏။

"ဟရို ... ကယ်ကြပါ ... ကယ်တော်မူနင်းကီးကြပါ"

ဟု ပုဏ္ဏားသည် ချောက်ထဲကနေပြီး အော်ဟစ်အကူအညီတောင်းလေတော့၏။



ပုဏ္ဏားရှ၏အော်သံကြောင့် မျောက်ကြီးတစ်ကောင်က ကြားသွားရာ ...

"အလို ... လူတစ်ယောက် ချောက်ထဲ
ကျနေပါလား၊ အသက်တစ်ချောင်း ကယ်မှ"

မျောက်ကြီးသည် ပုဏ္ဏားကျနေသည့် ချောက်ကြီးထဲသို့ ဆင်းလိုက်လေတော့၏။

"အလို မျောက်ကီးပါလား၊ နာ့ကို နင်
ကယ်နီးဘာ"

ဟု ပုဏ္ဏားကြီးက ပြောလိုက်ရာ မျောက်ကြီးက ...

"အခု ... အသင်ပုဏ္ဏားကို ကယ်ဖို့
ဆင်းလာတာပဲ၊ သင့်ကို ထမ်းပြီး အပေါ်
ရောက်ဖို့ ခုန်တက်နိုင်ဖို့ အတော်ကြိုးစားရ
မယ်၊

ခုန်အတက်မှာ လိမ့်ကျရင်တော့ ငါတို့နှစ်
ယောက်စလုံးသေမှာ"

ဟု ပြောဆိုပြီး မျောက်ကြီးသည် ကျောက်တုံးကြီးကို ထမ်းပြီး ပထမ၊ ဒုတိယ၊ တတိယ အကြိမ်သုံးကြိမ်မြောက် အစမ်းခုန်ကြည့်ပြီးကာမှ ...

"ကဲ . . . စိတ်ချရပြီ၊ အသင်ပုဏ္ဏား . . .
သင့်ကို ငါ ထမ်းပြီး ခုန်တက်တော့မယ်"
ဟု မျောက်ကြီးက ပြောလိုက်ရာ . . .
"ကျေးဇူးတင်ပါတယ် မျောက်ကြီးရယ်"
ဟု ပုဏ္ဏားက ပြောလိုက်လေတော့၏။

ချက်ချင်းဆိုသလို မျောက်ကြီးဟာ ပုဏ္ဏားကိုထမ်းပြီး တစ်ချက်တည်း အပေါ်သို့ ခုန်တက်လိုက်သည့်အခါ အလွယ်တကူ အပေါ်သို့ ရောက်သွားလေတော့၏။

အပေါ်သို့ရောက်သည့်အခါ မျောက်ကြီးမှာ လွန်စွာမှ မောပန်းလို့နေလေတော့၏။

"အသင်ပုဏ္ဏား . . . အပေါ်ရောက်ပြီ၊
သင်သွားလိုရာ သွားတော့၊ ငါလည်း အမော
ပြေခဏလောက် အိပ်လိုက်ဦးမယ်"
ဟု မျောက်ကြီးက ပြောလိုက်ရာ ပုဏ္ဏားက . . .
"အင် . . . နာမသွားတတ်ဘူး၊ နင်
တရေးအိပ်လေ၊ အိပ်ရာက နိုးတော့ နာ့ကို
လိုက်ပို့ပေါ့၊ နင် . . . နာ့ပေါင်ပေါ်မှာ အိပ်နိုး
ကီးပါ"

ဟု ပြောလိုက်လေ၏။

မျောက်ကြီးကလည်း ကျေးဇူးတင်ကြောင်းပြောပြီး ပုဏ္ဏားပေါင်ပေါ်မှာ မောမောနှင့် ခေါင်းတင်လိုက်သည်နှင့် အိပ်ပျော်သွားလေတော့၏။

မျောက်ကြီး အိပ်ပျော်သွားသည့်အခါ ပုဏ္ဏားသည် အကြံဆိုးတစ်ခု ပေါ်လာပြီးလျှင် ...

"အင်း ... အတော်ပဲ, အတော်ပဲ၊ အခုနေ မျောက်ကြီးရဲ့ခေါင်းကို ကျောက်တုံးနဲ့ ထုနှိုးကီးသတ်လိုက် မျောက်သွေးကို သောက်လိုက်ရရင် နာကုန်ခမ်းနေတဲ့အားတွေ ပြည့်နင်းကီးသွားမှာပဲ"

ဟု ဆိုကာ ပုဏ္ဏားသည် မျောက်ကြီး၏ခေါင်းကို ကျောက်တုံးကြီးနှင့် တစ်ခါတည်း ထုလိုက်သည့်အခါ သွေးများဖြာပြီးထွက်ကျသဖြင့် မျောက်ကြီးလည်း အတော်နာရှာပြီး ခေါင်းမှ သွေးစက်လက်ဖြင့် သစ်ပင်ပေါ်သို့ တက်ပြေးရလေတော့၏။

ထိုအခါ ပုဏ္ဏားသည် သွေးစက်တစ်စက်စက်ကျရာ နောက်သို့ တကောက်ကောက်လိုက်သွားပြန်၏။

သစ်ပင်ပေါ်သို့ မျောက်ကြီးရောက်သွားသည့်အခါ

ပုဏ္ဏားဓါ်အဖြစ်ကို ကြည့်ပြီး ...

"အင်း ... အလွန်မိုက်မဲတဲ့ ပုဏ္ဏားပါ လား"

ဟု ပြောလိုက်လေတော့၏။

"နားမှာ နွားလည်း ရှာမတွေ့၊ မျောက် သားမရ၊ မထူးပါဘူး၊ အိမ်ပြန်တာပဲ ကောင်း နင်းကီးတော့မယ်"

ဟု ဆိုကာ ပုဏ္ဏားခြေဦးတည်းရာ ထွက်လာခဲ့သော်လည်း တောနက်ကြီးထဲမှာပဲ တဝဲလည်လည်ဖြစ်လို့နေလေတော့၏။

ထိုအခါ မျောက်ကြီးမှာ ပုဏ္ဏားဓါ်အဖြစ်ကိုကြည့်ပြီး..

"အင်း ... ငါ ပုဏ္ဏားကို ကယ်မှပဲ"

ဟု မနေနိုင်တော့သဖြင့် ကယ်ဖို့ ကြိုးစားရာ ...

"ဟေ့ ပုဏ္ဏား ..၊ သင်ကား အိမ်ပြန် ရောက်အောင် ငါ လမ်းပြမယ်၊ ငါ့ဦးခေါင်းမှ ထွက်ကျသော သွေးစက်ကျရာနေ့ာက်ကို လိုက်ခဲ့ပေတော့"

ဟု ပြောလိုက်လေ၏။

မျောက်ကြီးမှာ ပုဏ္ဏားကို မယုံကြည်တော့သဖြင့် အနား ကပ်မခံဘဲ သစ်ပင်တစ်ပင်မှတစ်ပင်သို့ ကူးပြီး သူ၏ခေါင်းမှဒဏ် ရာက ကျသည့်သွေးစက်တွေနှင့် လမ်းပြခေါ်ဆောင်ခဲ့ရှာ၏။

အောက်က ပုဏ္ဏားကလည်း သွေးစက်တစ်စက် တစ် စက်ကျရာနောက်သို့ တကောက်ကောက်လိုက်ရင်း ...

"ဟေ့ မျောက်ကြီး ... ဖြည်းဖြည်းသွား ကွာ၊ နာ ... မောနီးကီးတယ်ကွ"

ပြောလိုက်လေ၏။

ထိုအခါ ... မျောက်ကြီးမှာလည်း ပုဏ္ဏား၏ဆန္ဒအတိုင်း ဖြည်းဖြည်းဖြင့် သစ်ပင်များကို ကူးရာ ...

"အခုလို မျောက်ကြီး ဖြည်းဖြည်းသွား တော့ နာ မောမောနဲ့ တစ်စက်တစ်စက်ကျတဲ့ မျောက်သွေးကို အောက်ကနေ ပါးစပ်ဟလိုက် ပြီး သောက်ရပဲ"

ဟု ဆိုကာ ပုဏ္ဏား ပါးစပ်ဟပြီး မျောက်သွေးကို သောက်ကာ မျောက်ကြီးလမ်းပြရာသို့ လိုက်ပါသွားလေ၏။

"ဩော် ... တယ်လည်း အကုသိုလ်ကြီး လှတဲ့ ပုဏ္ဏားပါလား"

ဟု လွန်စွာမှ သည်းခံခြင်းတရား ခန္တီပါရမီနှင့်ပြည့်စုံသည့် မျောက်ကြီးက ပုဏ္ဏားအား မေတ္တာစိတ်နှင့်သနားကရုဏာဖြစ်မိလေတော့၏။

ထိုအချိန်၌ ...

"ဟေ့ မျောက်ကြီး ... မရောက်သေးဘူးလား။ နင် နှာကို သွေးစက်နဲ့ မှျားခေါ်ပြီးချောက်ထဲကျနီးကီးအောင် ဉာဏ်ဆင်တာလား"

ဟု မျောက်သွေးသောက်ပြီး မျောက်ကြီးအား ပုဏ္ဏားက အပြစ်ရှာလေတော့၏။

"အို ပုဏ္ဏား ... ငါသည် သင့်အား ရန်တုံ့ပြန်မှု မရှိချေ။

မေတ္တာ၊ စေတနာထားပြီး လမ်းမှန်ကိုသာ ညွှန်ပြနေတာပါ၊

ဟိုးရှေ့ဆိုရင် သင့်ရွာကို ရောက်ပါပြီ၊ အသင်ပုဏ္ဏား ကြည့်လိုက်ပေတော့"

ဟု မျောက်ကြီးက ပြောလိုက်ရာ ပုဏ္ဏားလည်း မယုံတစ်ဝက်ဖြင့် ကြည့်လိုက်သည့်အခါ ပုဏ္ဏားနေသောရွာကို တွေ့

ရလေတော့၏။

ထိုအခါ ... ပုဏ္ဏားမှာ လွန်စွာဝမ်းသာသွားပြီးလျှင် ရွာသို့ အပြေးအလွှားသွားနေစဉ်မှာပင် သူနင်းထားသော မြေကြီးမှာ အက်ကွဲပြီး ...

"အရှိ ... ရှိ"

ပုဏ္ဏား၏ဖြစ်ရပ်ကို မြင်သော မျောက်ကြီးက ...

"သြော် ... အ,ကုသိုလ်အလွန်များလိုက်
တဲ့ ပုဏ္ဏား။ သူ့ကို မြေကြီးကတောင် လက်
မခံပါလား"

ဟု ဆိုကာ စိတ်မကောင်းစွာ ဖြစ်ရလေ၏။

ထို့နောက် ပုဏ္ဏားမှာကား ...

"အာရေး .. ဘား ဘား ဘား ဘား"

ဟူသော အသံနောက်ဆုံးဖြစ်ပြီးလျှင် ပုဏ္ဏား မြေမျိုခြင်းကို ခံလိုက်ရလေတော့၏။

ထို့ကြောင့် ... "ခင္တို့ ဓမ္မမြတ်သီလကျင့်က မင်္ဂလာ" ဟု ဆိုကြလေတော့သတည်း။

၂၀၁၄၊ ဇန်နဝါရီလ (၁၁) ရက်



# ဝဋ်ကြွေး

ကြောက်တတ်မည်ဆိုလျှင် ဝဋ်ကြွေးဆိုသည်က လွန်စွာမှ ကြောက်စရာကောင်းလေ၏။

ဝဋ်မှာအမြဲ ငရဲမှာအပ ဆိုသည်မှာလည်း ဝဋ်ကြွေးပင် ဖြစ်လေ၏။

အချို့ အချို့ကမူ ဝဋ်ကြွေးရှိလျှင် 'ကျေပါစေ' ဟု ဆိုကာ ဆုတောင်းတတ်ကြကုန်၏။

ထို့ကြောင့် ဝဋ်ကြွေးသည်ကား လွန်စွာမှကြောက်စရာ အကောင်းဆုံးပင် ဖြစ်လေတော့၏။ ဝဋ်ကြွေးဆိုသည်ကား . . .

ရှေးအခါက . . .

ရွှေပဒေသာစာပေ

"သူခိုး ... သူခိုး ... သူခိုး ... ဟေ့"

ဟူသော အသံများနှင့်အတူ ...

"ဝိုင်းလိုက်ကြ"

"မလွတ်စေနဲ့"

"မိရင် ... အသေစော်"

"လိုက်ကြ ... လိုက်ကြ"

ဟု ဆိုကာ သူခိုးတစ်ယောက်အား အရပ်က ရရာလက်နက် ဆွဲကိုင်ကြပြီး လိုက်ကြရလေတော့၏။

သူခိုးသည် မိရင် မသက်သာဘူးဆိုတာကြောင့် ကြောက်လန့်ပြီး ပြေးမိပြေးရာ စွတ်ပြေးရလေတော့၏။

ထို့နောက် သူခိုးသည် လွတ်ဖို့လွမ်လမ်း မမြင်တော့သဖြင့် ရေစပ်အနားမှာတွေ့လိုက်ရသည့် အမဲရောင်အရာဝတ္ထုတစ်ခုထဲသို့ ခိုးရာပါပစ္စည်းကိုထည့်ပြီး လူကတော့ လွတ်ရာကို ပြေးရလေတော့၏။

သူခိုးနောက်ကို လိုက်ကြသည့် လူအုပ်ကြီးက ...

'ဟိုမှာဟေ့ ... ဟိုမှာ"

"ဘယ်မှာလဲ ... ဘယ်မှာလဲ"

"ဟော ဟော ... ရေထဲငုပ်သွားပြီ"

ရွှေပဒေသာစာပေ

"မလွတ်စေနဲ့ဟေ့"

"ဟော ... ကုန်းပေါ်တက်လာပြီဟေ့"

"ဝိုင်းကြ ... ဝိုင်းရိုက်ကြ"

ဟု ဆိုကာ ပြောဆိုလိုက်ပြီးလျှင် ...

"ဟော ... ဟောဒီ သပိတ်ထဲမှာ ခိုးရာ

ပါပစ္စည်းတွေ ... တွေ့ပြီကွာ"

ဟု လူတစ်ယောက်က ပြောလိုက်လေ၏။

ရဟန်းတစ်ပါးသည် ချောင်းထဲမှ ရေမိုးချိုးနေစဉ် သူခိုးတစ်ယောက်က သပိတ်ထဲသို့ ခိုးရာပါပစ္စည်းထည့်သွားသည့်အတွက် ရဟန်းတစ်ပါးသည် ၎င်း၏သပိတ်ထဲမှ ခိုးရာပါပစ္စည်းနှင့်အတူ လက်ပူးလက်ကြပ်မိသွားလေတော့၏။

ထိုအခါ ... ရဟန်းမှာ ...

"အလို ... ငါ့အား ရန်သူတွေ ဝိုင်းလို့

ပါလာ့။ ငါသည် လောကဓံတရားနှင့် တွေ့ကြ

ပြားလည်း မတုန်မလှုပ် စိုးရိမ်ခြင်းမရှိ၊

ငါ၏စိတ်သည် ဘယ်သောအခါမှ မညစ်

ညှူးမြူကင်း၏။

ထို့ကြောင့် ငါ့မှာ ဘေးမရှိ၊ ဤအန္တရာယ်

ရန်စွယ်တို့သည် ဘေးမဟုတ်၊ မလွဲမရှောင်
သာ တိုက်ဆိုင်မှုတစ်ခုမျှသာ ဖြစ်၏။
ငါ၌ ဖန်ဆင်း၍ ရှောင်ရှားနိုင်သော တန်
ခိုးရှိသော်လည်း ... ယခု ငါကား ဝဋ်ကြွေး
ဆပ်တာ ခံရတော့မည်''

ဟု တွေးတောလိုက်လေ၏။

ဤသို့ဖြင့် ...

''သူခိုးကို ခိုးရာပါပစ္စည်းတွေနဲ့ မိနေ
ပြီ၊ ဝိုင်းရိုက်ကြပါတော့လား''

ဟု ညာသံပေးလိုက်ရာ ရဟန်းအား သူခိုးထင်မှတ်ကာ ဝိုင်းရိုက်ကြလေတော့၏။

သူခိုးဟု အစွပ်အစွဲခံရသည့် ရဟန်းသည် တန်ခိုးအရာမှာ ''ဧတဒဂ်ရ'' တော်မူသည့် ''အရှင်မဟာမောဂ္ဂလာန်'' ကိုယ်တော်ကြီးပင် ဖြစ်လေတော့၏။

ကိုယ်တော်ကြီး သူခိုးဟု စွပ်စွဲခံရပြီး ရိုက်သတ်ခံရခြင်းသည် ဘဝ,ဝဋ်ကြွေးပင် ဖြစ်တော့၏။

*

ဟိုးရှေးရှေးတုန်းက ...

သူသည်ကား လွန်စွာမှ မိန်းမကြောက်ရသည့် ခပ်ညံ့ညံ့ယောက်ျားတစ်ယောက် ဖြစ်လေ၏။

ထိုယောက်ျားမှာ မျက်မမြင်မိခင်ကြီးတစ်ယောက်နှင့် အတူနေကြရလေ၏။

တစ်နေ့သ၌ ...

"မိန်းမရေ ... ဟောဒီကြိုးကြာဥတွေကို အမေစားဖို့ ပေးလိုက်ပါကွယ်၊ အမေက မျက်စိမမြင်ရှာတော့ ဒါမျိုး မစားဖူးဘူး"

ဟု ဆိုကာ မိခင်စားဖို့ မယားဖြစ်သူအား ပေးခိုင်းလိုက်လေတော့၏။

ထိုအခါ မယားဖြစ်သူမှာ ...

"ကြည့်စမ်း .. ကြည့်စမ်း .. သူ့အမေကျတော့ ကျွေးတယ်၊ ဦးစားပေးတယ်၊ ငါ့တော့ မကျွေးဘူး၊ ဦးစားမပေးဘူး၊ သိကြရောပေါ့"

ဟု ဆိုကာ လွန်စွာမှ မကြားဝံ့မာသာတွေ ဆဲရေးတိုင်း ထွားပြုလေတော့၏။

"ဟောဒီမှာ အမေ့သားက ကြိုးကြာဥ
တွေ စားဖို့ ပေးလိုက်တယ် ... ရော့ ရော့"

ဟု ဆိုကာ မယားဖြစ်သူက သံပုရာသီးတွေ ပေးလိုက်ရာ မျက်မမြင်မိခင်အိုမှာ ...

"သာဓု ... သာဓု ... သာဓုပါကွယ်"

ဟု ပြောလိုက်လေ၏။

ထို့နောက် မျက်မမြင် အမေအိုက သံပုရာသီးကို ကြိုးကြာဥအထင်မှတ်ဖြင့် ကိုက်စားလိုက်သည့်အခါ ...

"အမယ်လေး ... ကြိုးကြာဥကလည်း
ချဉ်လိုက်တာ၊ သွားတွေ ကျိန်းရော"

ဟု ပြောလိုက်လေတော့၏။

မယားဖြစ်သူမှာ ...

"ဟီး ... ဟီး ... အကန်းမကြီးတော့
ထိပြီ၊ ဝမ်းသာလိုက်တာ၊ သွားတွေကျိန်းပြီး
ဘာမှမစားနိုင်ရင်လည်း အကုန်ကျ သက်သာ
တာပဲ"

ရွှေဒေသာစာပေ

ဟု ဆိုကာ ကွယ်ရာတွင် ပြောလိုက်လေတော့၏။

*

အလုပ်မှ ပြန်လာသည့်အခါ ...

"အမေရေ ... ကျူပ်ပေးလိုက်တဲ့ ကြိုးကြာဥတွေ ဆိမ့်ရဲ့လား"

ဟု မေးလိုက်လေ၏။

"ချဉ်လိုက်တာ သားရယ်၊ အမေ့သွားတွေတော့ ကျိန်းကုန်ပါပြီကွယ်၊ ဟောဒီမှာ ... သားပေးလိုက်တဲ့ ကြိုးကြာဥတွေ"

ဟု ဆိုကာ ထုတ်ပေးလိုက်လေ၏။

"အလိုလေးဗျာ ... သံပုရာသီးတွေပါလား"

ဟု သိသွားသည့်အခါ မယားထံသို့ သွားပြီးလျှင် ...

"ဟေ့ မိန်းမ ... မင်း ဘမယ်လိုလုပ်လိုက်တာလဲ၊ ဒီမှာကြည့်စမ်း"

ဟု ဆိုကာ ယောက်ျားဖြစ်သူက သံပုရာသီးတွေကို ပြလိုက်လေတော့၏။

"အိုတော် ... ရှင့်အမေက မျက်စိမမြင်
မကန်းနဲ့ စားချင်တာတွေ ကောက်စားပြီး
တော့၊
အဲဒါ ... ရှင်နဲ့ကျုပ်ကို ရန်ဖြစ်အောင်
ရန်တိုက်ပေးတာ၊
အဲဒါ ... လင်မားကွဲအောင်လုပ်တာ၊ ဒီ
အိမ်မှာ ရှင့်အမေရှိရင် ကျုပ် မနေတော့ဘူး"

ဟု လွန်စွာမှ ယုတ်မာလှသည့် မိန်းမဆိုတာ အမေချင်း ကိုယ်ချင်းမစာနာ။ ထိုမိန်းမမျိုးနှင့် ကြမ်းတစ်ပြေးတည်း အတူ နေထိုင်ဖို့မကောင်းချေ။

ထိုအခါ ယောက်ျားဖြစ်သူမှာ မျက်စိပျက်၊ မျက်နှာပျက် တော့ ပျာပျာသလဲ ...

"ဟ ... ဟ ... ပေါင်းသင်းလာတာ
ကြာပြီးမှ လင်မယားကွဲလို့ ရမလား၊
မင်းမရှိရင် ငါ မနေတတ်ဘူးဆိုတာ မသိ
ဘူးလား"

ဟု ပြောလိုက်လေတော့၏။

ထိုညမှာပင် လင်နွားအား မယားယုတ်က အကြံပေးလေ၏။

"ရှင့်အမေကို တောထဲခေါ်သွားပြီး ဒီလို ... ဒီလို ... ဒီနည်းနဲ့ လုပ်လိုက်ရင် ရှင်မှန်း ဘယ်သူကမှ မသိပါဘူးတော်"

ဟူ၍ ဖြစ်လေတော့၏။

*

နောက်တစ်နေ့မနက်ရောက်သည့်အခါ မယားစကားကို မြေဝယ်မကျ နားထောင်ပြီး မျက်မမြင်မိခင်ကြီးအား မျက်လုံးကုသပေးမည်ဟုဆိုကာ လှည့်ဖြားပြီး တောထဲသို့ ခေါ်ဆောင်သွားလေတော့၏။

မျက်မမြင်မိခင်ကြီးကလည်း မျက်စိကုနိုင်သည့် သူတော်စင်ရသေ့တစ်ပါးထံ သွားမည်အထင်နှင့် သားယုတ်မာ၏ စကားကို ယုံစား၍ လိုက်ခဲ့ရလေတော့၏။

